# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၃) ရက် ၊ ကြာသပတေးနေ့ ၊ (28-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၃၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် မတ် ၂၇**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက် ယနေ့တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြော ကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက် ကြမည့်တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲ တို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိ နေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်းဆောင် ရွက်ကြသည်။ ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟို စစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြသည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် သိန်းဇော် ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်စန်းယုနိုင် ဦးဆောင် သည့်ဂုဏ်ပြုတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေး မှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးကိုယ်စားပြုစစ်ရေး ပြတပ်ခွဲ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**



ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ကုန်ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျောရိုးမှာထုတ်လုပ်မှုကဏ္ဍဖြစ်သည်။ ကောင်းမွန်စွာလည်ပတ်လျက်ရှိသော ကုန်ထုတ်လုပ်မှုကဏ္ဍတစ်ရပ်သည် အရည်အသွေးမြင့်မားပြီး ဆင်းရဲမှုလျော့ချပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်စွမ်းအားတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်အနက် စီးပွားရေးဦးတည်ချက်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော အချက်ပါဝင်သည်။ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးကဏ္ဍ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်ပြီး အဆိုပါလုပ်ငန်းများကိုအခြေခံ၍ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများတိုးတက်ခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များရှိမှသာ စက်ရုံအလုပ်ရုံများလည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ထုတ်ကုန်များဖြင့် စက်မှုထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထုတ်ကုန်ပစ္စည်းများရှိမှသာ ကုန်ပစ္စည်းရောင်းဝယ်မှုပြုလုပ်နိုင်မည်ဖြစ်ပြီး ဆက်စပ်နီးနွယ်နေသော ဝန်ဆောင်မှု လုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် **MSME** လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းနှင့်နိုင်ငံစီးပွားရေးမြှင့်တင်ရေးရန်ပုံငွေများထုတ်ပေးပြီး နိုင်ငံစီးပွားရေးမြှင့်တင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်ပြီး နိုင်ငံ့အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံအတွက်စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကိုအဆင့်မီ အရည်အသွေးပြည့်ဝသော စက်မှုထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ပါက ပြည်တွင်းသာမက ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံစီးပွားရေးကိုအကျိုးပြုစေသည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့စည်ပင်သာယာရေးနယ်နိမိတ် ခြောက်မြို့နယ်တွင် အသေးစားရေကစားမဏ္ဍပ်များဆောက်လုပ်ခွင့်ပြုမည်



**မန္တလေး မတ် ၂၇**

သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ စည်ပင်သာယာရေးနယ်နိမိတ် ခြောက်မြို့နယ်ရှိ ရပ်ကွက်များတွင် အသေးစားရေကစားမဏ္ဍပ်များ ဆောက်လုပ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ရေသဘင်ပွဲတော်ကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)ထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ စည်ပင်သာယာရေးနယ်နိမိတ် ခြောက်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ အသေးစားရေကစားမဏ္ဍပ် ဆောက်လုပ်ချင်သူများ အနေဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနထံသို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

"အခုနှစ်သင်္ကြန်မှာ မန္တလေးမြို့မှာနေထိုင်ကြတဲ့ ပြည်သူတွေ အနေနဲ့ သင်္ကြန်ကာလမှာမိမိတို့ရဲ့ နေအိမ်ရှေ့တွေမှာ အသေးစားရေကစားမဏ္ဍပ်တွေ ဆောက်လုပ်ပြီး ပျော်ရွှင်စွာရေပက်ကစားဖို့ကို အခုနှစ် သင်္ကြန်ပွဲတော်ကာလမှာ ခွင့်ပြုပေးသွားမှာပါ"ဟု ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြသည်။

အဆိုပါသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့စည်ပင်နယ်နိမိတ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်အတွင်း အသေးစား ရေကစားမဏ္ဍပ်များ ဆောက်လုပ်ကာ ရေကစားမည့် ပြည်သူများကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ထိုသို့ ရေကစားမဏ္ဍပ်များကို ခွင့်ပြုနေရာချထားပေးရာတွင် မိမိတို့ရပ်ကွက်အတွင်း ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်နိုင်သည့် နေရာများကို အဓိကနေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သရက်ကုန်းငါးလုပ်ငန်းစခန်း၌ တိုင်းရင်းငါးမျိုးစိတ် ခြောက်မျိုးကို စမ်းသပ်သားဖောက်သွားမည်

**မန္တလေး မတ် ၂၇**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်ကုန်း ငါးလုပ်ငန်းစခန်း၌ ရှားပါးလာသည့်တိုင်းရင်းငါးမျိုးစိတ် ခြောက်မျိုးကို စမ်းသပ်သားဖောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းမသွားစေရေးအတွက် သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ဖမ်းယူစုဆောင်းကာ ပြုစုမွေးမြူမှုများပြုလုပ်ပြီး သားဖောက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း၌လည်း တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးနက်ပြာ၊ ငါးဖန်းမနှင့်ငါးပတ်ငါးမျိုးတို့ကို မွေးမြူသားဖောက်မှု အောင်မြင်ခဲ့ကြောင်း၊ လာမည့် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ငါးဒိုက်၊ ငါးစင်ရိုင်း၊ ငါးဖယ်၊ ငါးမြင်း၊ ငါးလူးနှင့် ငါးချောင်းငါးမျိုးတို့ကို ဆက်လက်မွေးမြူကာ စမ်းသပ်သားဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်ကုန်းငါးလုပ်ငန်းစခန်းကနေပြီးတော့ ရှားပါးလာတဲ့ တိုင်းရင်းငါးမျိုးစိတ်တွေကို စမ်းသပ်မွေးမြူပြီးတော့ သားဖောက်ပေးနေပါတယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့ငါးတွေကို ထုတ်လုပ်နိုင်အောင်လို့ ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊တမံတွေမှာ တိုင်းရင်းငါးတွေ စဉ်ဆက်မပြတ်ဖမ်းဆီးစားသောက်နိုင်ဖို့အတွက်ပါ။ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတပေါများကြွယ်ဝစေဖို့၊ ဒေသရေလုပ်သားတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများစေဖို့၊ မြန်မာပြည်သူတွေ ငါးစားသုံးမှုပိုများလာစေဖို့အတွက်လဲ ပါပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြသည်။

အဆိုပါ သရက်ကုန်းငါးလုပ်ငန်းစခန်းအနေဖြင့် ငါးမျိုးစိတ် ၁၀ မျိုးကို သားဖောက်ပြီး ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါငါးမျိုးများမှာ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမ၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ရေချိုငါးမှတ်၊ငါးကြင်းဖြူနှင့် တီလားပီးယားငါးမျိုးများဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း မတ်လနောက်ဆုံးပတ်မှစ၍ ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး မတ် ၂၇**

မန္တလေးဈေးကွက်အတွင်း မတ်လနောက်ဆုံးပတ်မှစ၍ ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) မှ အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်းအရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း၊ အလားတူ အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ရှမ်း)ကို ကုန်သည်များ ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းကထွက်ရှိတဲ့ပဲပုပ်ကို မှာယူမှုကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ယနေ့ပေါက်ဈေး အရ ၅၃ ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၀ ခန့်ထိပေါက်ဈေးရှိလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းလျက်ရှိကြောင်း သိရသည်။

အလားတူ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ဗမာ) အမျိုးအစားမှာ ၅၃ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ခန့်ထိပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ ၉၀၀ ကျော်ထိရှိလာ

**မြစ်ကြီးနား မတ် ၂၇**

ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့်ကုန်တင်ကားအစီးရေ ၉၀၀ ကျော်ထိ ရှိလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ယခင်က လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကားအနည်းငယ်သာရှိကြောင်း၊ယခု အခါ သကြၤန်ကာလနီးလာသဖြင့် တရုတ်ကုန်သည်များက ပြည်တွင်းမှထွက်ရှိသည့် ဆန်၊ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြွက်သွန် စသည့်ကုန်စည်များဝယ်ယူမှု များပြားလာခြင်းကြောင့် ကုန်စည်တင်ပို့သည့် ကုန်တင်ကား အစီးရေ ပိုမိုများပြားလာကြောင်း သိရသည်။

"အခု တရုတ်နိုင်ငံဘက်ကနေ ပြည်တွင်းကထွက်တဲ့ အသီးအနှံတွေကို လွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တစ်ဆင့် မှာယူမှုများလာတာကြောင့် ကုန်စည်တင်ပို့တဲ့ ကုန်တင်ကား အစီးရေများလာပါတယ်"ဟု ဒေါ်တူးက ပြောပြသည်။

ပြည်တွင်းမှထွက်ရှိသည့် ကုန်စည်များကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မတ်လဒုတိယပတ်မှစ၍ တစ်ရက်လျှင် ကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ ၈၀၀ ကျော်သာရှိခဲ့သော်လည်း တရုတ်နိုင်ငံက ကုန်စည်မှာယူမှု များပြားလာခြင်းကြောင့် မတ်လ တတိယပတ်မှစ၍ တစ်ရက်လျှင် ကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ ၉၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

"အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေလဲ လွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တင်ပို့တဲ့ကုန်စည်တွေလဲရှိပါတယ်။ အများဆုံးကတော့ စက်ပစ္စည်း၊ အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေတင်ပို့ပါတယ်"ဟု ဒေါ်တူးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် နှစ်ဖက်မိဘများကိုအမှူးထား၍ အလှူရှင် ကိုသန့်ဇင်-မအေးအေးငြိမ်းအောင်တို့က ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးခိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး-ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# မြောင်းမြခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာများတွင် ၄၆၉၁ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာများတွင် ၄၆၉၁ ဧက ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၁၉၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော နေကြာများကို ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၆၉၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး နေကြာတစ်ဧကလျှင် ၁၈ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၁၉၆၄ ဧက စိုက်ပျိုးခဲ့ပါတယ်။ အခု ၄၆၉၁ ဧက ရိတ်သိမ်းပြီးပါပြီ။ ကျန်တဲ့ဧကတွေကို ဆက်လက် ရိတ်သိမ်းနေပါတယ်။ ဒေသခံတောင်သူတွေက နေကြာတွေကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ စတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ နေကြာကို အထွက်နှုန်း ကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ခရိုင်အတွင်း ဒေသတွေက မြေအမျိုးအစားပေါ် မူတည်ပြီး နေကြာက အထွက်နှုန်းတွေ မတူညီပါဘူး။ ဒါကြောင့် ခရိုင်တစ်ခုလုံးအနေနဲ့ အထွက်နှုန်းတိုးအောင် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၁၉၆၄ ကို မြောင်းမြမြို့နယ်တွင် ၄၀၅ ဧက၊ အိမ်မဲမြို့နယ်တွင် ၂၈၆၉ ဧက၊ ဝါးခယ်မမြို့နယ်တွင် ဧက ၈၆၉၀ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နေကြာများကို ပြန်လည်ရိတ်သိမ်းခဲ့ရာ မြောင်းမြမြို့နယ်တွင် ငါးဧက၊ အိမ်မဲမြို့နယ်တွင် ၁၂၈ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၄၅၅၈ ဧက စုစုပေါင်း ၄၆၉၁ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ချောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ချောက် မတ် ၂၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့်ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး(ပြင်ဆင်ထိန်းသိမ်းရေး)ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် နယ်ခြား-ကြီးနီ(ချောက်-မကွေး) ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များက ကျေးရွာကော်မတီဝင်များနှင့်အတူ နယ်ခြား-ကြီးနီ (ချောက်-မကွေး) ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ချောက်မြို့နယ် နယ်ခြား-ကြီးနီ (ချောက်-မကွေး) ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ဇန်နဝါရီလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းသိန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မိကျောင်းကွမ်းဖတ်တွေကို ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။မိကျောင်းကွမ်းဖတ်လုပ်ငန်းက ဆောင်းနဲ့နွေကာလ ဈေးကွက်မှာ အရောင်းအဝယ်အဖြစ်ဆုံးအချိန်ဖြစ်ပါတယ်။ ပြည်ပဈေးကွက်ဝယ်ယူမှုရှိလာတာကြောင့် တင်ပို့ရောင်းချမှုမြင့်တက်လာတာပါ"ဟု ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းသိန်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးစပ်သည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး မိကျောင်းကွမ်းဖတ်များသည် စိုက်ပျိုးပြီးချိန်မှစ၍ လိုအပ်သောပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရတာ လိုအပ်ပါက ရေတင်ပေးရကြောင်း၊ မိကျောင်းကွမ်းဖတ်တစ်ဧကလျှင် ပျမ်းမျှ ၁၇ တင်းမှ ၂၄ တင်းထိထွက်ရှိကြောင်း ဒေါ်စမ်းစမ်းသိန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စာဆိုတော်ဦးရွှန်း၏ ဘဝနှင့်စာပေ (၂)

ပိုလ်ရှိတ်(ရတနာပူရ)

### ဦးရွှန်း၏မျိုးရိုး

ဦးရွှန်း၏မျိုးရိုးသည် ပညာတတ်မျိုးရိုးဖြစ်သည်။ ပညာတတ်သည်ပင် သာမန်ပညာတတ်မျိုးရိုးမဟုတ်ပေ။ ရှင်ဘုရင်၏နန်းတွင်း၌ အမှုထမ်းခဲ့ရသောနန်းသုံးတော်ဝင်ပညာတတ်မျိုးရိုးဖြစ်သည်။ ဦးရွှန်း၏အဖသည် လွှတ်တော်ရှေ့နေတော်ကြီး သူရမနုဘွဲ့ခံ ဦးစာဖြစ်ပြီး မိခင်မှာ ရွှေကြက်ယက် ခဝါတော်ရွာသူကြီး၏သမီး ဒေါ်အိန်ကြွယ်ဖြစ်သည်။ အဖအမည်နှင့် အမိအမည်ကို ဆရာကြီး ဒဂုန်နတ်ရှင်၏မှတ်တမ်းမှယူ၍ရေးလိုက်ခြင်းဖြစ်သည်။

ရေးပေမူမှတ်တမ်းတွင် "ဆင်ဖြူရှင်ဘုရားလက်ထက် အနောက်ဘက်တိုက်ဝန်၊ ပုခန်းကြီးမြို့စား၊ ဆားလင်းကုန်းမင်းကြီး မဟာရာဇသင်္ကြံ၏ သားမက်၊ ဇန့်ကျီတိုက် ဆားလင်းကြီးရွာဇာတိ၊ ၄ ထပ်ရွှေကျောင်းကြီးနှင့်တကွ ရွှေမုဋ္ဌောဘုရားကြီးဒါယကာသားအမိန့်တော်ရ သူရမနု"ဟူ၍ ရေးထားသည်ကို တွေ့ရသည်။ ဤအမှတ်အသားအရ ဦးရွှန်း၏အဖေ သူရမနုသည် အနောက်ဘက်တိုက်ဝန်၊ ပုခန်းကြီးမြို့စား၊ ဆားလင်းကုန်းမင်းကြီး မဟာရာဇသင်္ကြံ၏သားမက်ဖြစ်သည်။ ဆရာကြီးဒဂုန်နတ်ရှင်၏မှတ်တမ်း၌ဆိုသလို ရွှေကြက်ယက် ခဝါတော်ရွာသူကြီးမဟုတ်ပေ။ စဉ်းစားရကျပ်ပေသည်။ သူကြီးရာထူးနှင့် အနောက်ဘက်တိုက်ဝန်၊ ပုခန်းကြီးမြို့စား၊ ဆားလင်းကုန်းမင်းကြီးရာထူးတို့မှာ တခြားစီဖြစ်သလို အဆင့်အတန်းအလွန်ကွာသည်။ ဤသို့တွေးရန်လည်းရှိသည်။ ခဝါတော်ရွာသူကြီးမှ နောက်ရာထူးများတိုးလာသည်ဟု ယူဆ၍လည်းရသည်။ ကွဲပြားသောအထောက်အထားမတွေ့သေးမီ ယခုကဲ့သို့ လက်ခံထားခြင်းက ပို၍သင့်မည်ထင်ပါသည်။

ဦးရွှန်း၏ဖခင် သူရမနုသည် ဇန့်ကျီတိုက် ဆားလင်းကြီးရွာဇာတိဖြစ်သည်။ ယခု မုံရွာမြို့အနောက်တောင် ချင်းတွင်းမြစ်၏အနောက်ဘက်ကမ်း၌ရှိသောဆားလင်းကြီးမြို့ဇာတိဖြစ်သည်။ ဦးရွှန်း၏ အဘိုး၊ အဘတို့သည် ဆားလင်းကြီးတစ်ခွင်၊ ဇန့်ကျီတိုက်တစ်ခွင်၌ အလွန်ထင်ရှားကျော်စောသူများဖြစ်ကြသည်။ ထိုအကြောင်းကို စာဆိုကိုယ်တိုင်က မဟာသုတသောမပျို့နိဒါန်းပိုဒ်ရေ ၈ ၌-

"ဇာတိစမူ၊ ကာလမြင့်ဝေး
တို့ဘိုးဘေးကား၊ ဆက်ရေးစဉ်စီ
ဇန့်ကျီတိုက်လုံး၊ ပတ်ကုံးညွှတ်ခ
မိုမှီးရသား၊ ရွာမနွယ်ရိုး
ဇာတိမျိုးတွင်၊ ဘိုးလည်းဉာဏ
ဘလည်းကဝိ၊ ပညာရှိဟု
နှံ့သိကျော်ညာ"ဟူ၍ ရေးဖွဲ့ထားသည်။

ထို့ကြောင့် ဦးရွှန်း၏ ဘိုးဘေးတို့သည် ပညာရှိ၊ ပညာတတ်မျိုးရိုးဖြစ်ကြောင်း ထင်ရှားလှသည်။ ထို့ပြင် အလောင်းမင်းတရားကြီး ရွှေဘိုမြို့တည်သောအခါ၌ သူ၏ဘိုးဘေးတို့သည် ဗိသုကာဆိုင်ရာဂဏန်းသင်္ချာတွက်ပေးရသည့် ပညာရှင်များဖြစ်ကြောင်းကို မဟာဝင်ပျို့နိဒါန်း၌-

"ရွှေဘိုမြို့ကို၊ တို့ကျေးဇူးရှင်
ဘုရင်ခေါင်ချာ၊ တည်သောခါ၌
ဗိသုကာကြီး၊ မြောက်ဝဲခြီးလျက်
တသီးတခန်း၊ ရွှေဘုံနန်းတွင်
ဂဏန်းဆရာ၊ ချီးမြှင့်ပါ၍"ဟူ၍ မှတ်တမ်းတင်ထားပါသည်။

အထက်ပါအထောက်အထားများအရ ဦးရွှန်း၏ ဘိုးဘေးများသည် ပညာရှိမျိုးရိုးဖြစ်ကြောင်း ထင်ရှားလှသည်။ ဦးရွှန်း၏အဖေသည် ဆားလင်းကြီးနယ်တစ်ခွင်၌ကျော်စောသောအမိန့်တော်ရ သူရမနုဖြစ်သည်။ မိခင်ဘက်မှ အဘိုးသည် ဆားလင်းကုန်းမင်းကြီး မဟာရာဇသင်္ကြံဖြစ်သည်။ အလောင်းမင်းတရားကြီးလက်ထက်၌ ဂဏန်းသင်္ချာတွက်ပေးရသူမှာ ဆားလင်းကုန်းမင်းကြီး မဟာရာဇသင်္ကြံပင်ဖြစ်မည်ထင်သည်။ အလောင်းမင်းတရားကြီးလက်ထက်၌ ဂဏန်းသင်္ချာအရာချီးမြှင့်ခံရပြီး ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်၌ အနောက်ဘက်တိုက်ဝန်၊ ပုခန်းကြီးမြို့စား၊ ဆားလင်းကုန်းမင်းကြီးရာထူးများ ရရှိခဲ့ခြင်းဖြစ်ဟန်ရှိသည်။ ဆင်ဖြူရှင်မြေဒူးမင်း အင်းဝမြို့ကိုတည်၍ ပြောင်းရွှေ့သောအခါတွင် ဦးရွှန်း၏ အဖ၊ အဘိုးတို့သည် အင်းဝမြို့သို့ လိုက်ပါပြောင်းရွှေ့ကြရပြီး အင်းဝမြို့ ပြည်ကြီးသာယာအရပ်၌ နေထိုင်ခဲ့ဟန်တူသည်။ အင်းဝမြို့၌ နေထိုင်စဉ် ဘိုးတော်ဗဒုံမင်း အင်းဝမြို့၌ နန်းတက်စတွင် ဦးရွှန်းကို မွေးဖွားခဲ့ခြင်းဖြစ်သည်။

### ရွှေမုဋ္ဌောဘုရားနှင့်လေးထပ်ရွှေကျောင်းဒါယကာ

ဦးရွှန်း၏အဖ အမိန့်တော်ရ သူရမနုသည် အင်းဝမြို့၌ ရွှေမုဋ္ဌောဘုရားနှင့် လေးထပ်ရွှေကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ဦးရွှန်း၏ မိဘနှစ်ပါးကို လေးထပ်ရွှေကျောင်းကြီးနှင့် ရွှေမုဋ္ဌောဘုရားဒါယကာဟူ၍ ထည့်သွင်းရေးသားကြခြင်းဖြစ်သည်။ ဦးရွှန်း၏ မိဘနှစ်ပါးတည်ခဲ့သော ရွှေမုဋ္ဌောဘုရားနှင့်လေးထပ်ရွှေကျောင်းကြီးမှာ ယခုတိုင်အောင် အင်းဝမြို့၌ရှိသည်။ အင်းဝမြို့ စည်တိုပုံမြို့ရိုးအတွင်း ကျော်ဘုံတံခါးအနီးရှိ အချုပ်တန်းကျေးရွာ၏ ရွာဦး၌ရှိသည်။ ကျောင်းတိုက်မှာ ရွှေမုဋ္ဌောအရှေ့တိုက်ဟုခေါ်ကြသည်။ ရွှေမုဋ္ဌောစေတီမှာ ကျောင်း၏တောင်ဘက်ကပ်လျက် မြို့ရိုးပေါ်တွင် တည်ထားသည်။ ရွှေမုဋ္ဌောစေတီဟူ၍ ယခုတိုင်အောင်ခေါ်ကြသည်။ ရွှေမုဋ္ဌောစေတီသည် အင်းဝမြို့ရိုးယတြာပြုကြသောစေတီ ၁၂ ဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည်။

လေးထပ်ရွှေကျောင်းကြီးမှာမူ ယခုအခါ မူလလက်ရာအတိုင်းမရှိတော့ပေ။ လွန်ခဲ့သောနှစ် ၄၀ ခန့်က ကျောင်းတော်ကြီးမှာ ယိမ်းယိုင်ပျက်စီးလာသောကြောင့် မူလလေးထပ်ရွှေကျောင်းကြီးကိုဖျက်ပြီး ထိုမှသစ်သားများ၊ တိုင်များဖြင့် အသစ်ပြန်လည်တည်ဆောက်ထားခြင်းဖြစ်သည်။ အသစ်ပြန်လည်တည်ဆောက်ထားသော်လည်း မူလတံခါးမုခ်ဦးများ၊ ပွတ်လုံးများ၊ ပန်းပုရုပ်လုံးများ၊ ရွှေဇဝါပန်းချီများကို ပြန်လည်တပ်ဆင်ထားသဖြင့် ရှေးလက်ရာလေ့လာချင်သူများအတွက် တန်ဖိုးရှိနေပါသေးသည်။ အမရပူရခေတ်ဦး ပန်းပုလက်ရာများကို လေ့လာချင်သူများအတွက် တန်ဖိုးရှိသော အထောက်အထားများပင်ဖြစ်သည်။ ဦးရွှန်း၏ဖခင် ဦးသူရမနုသည် ဆင်ဖြူရှင်မြေဒူးမင်း၊ စဉ့်ကူးမင်းတို့လက်ထက်တွင် အင်းဝမြို့၌ လွှတ်တော်ရုံး၌ အမှုထမ်းခဲ့ရဟန်ရှိသည်။ နောက် ဘိုးတော်ဗဒုံမင်းနန်းတက်သောအခါတွင် ဆက်လက်၍ သူကောင်းပြုခံရဖွယ်ရှိသည်။ စဉ့်ကူးမင်း၊ ဖောင်းကားမင်းတို့ကိုနှိမ်နင်းပြီး နန်းတက်လာသော ဘိုးတော်ဗဒုံမင်းလက်ထက်တွင် အင်းဝမြို့၌ အေးအေးဆေးဆေးနေထိုင်နိုင်ခြင်းကပင် ဘိုးတော်ဗဒုံမင်းက ဆက်လက်မြှောက်စားချီးမြှင့်ခဲ့ခြင်းကြောင့်ဟု ယူဆနိုင်သည်။

### ဦးရွှန်း၏ငယ်မည်

မှတ်တမ်းအစောင်စောင်၌ စာဆို၏ငယ်မည်ကို ဦးရွှန်းဟူ၍ ရေးသားဖော်ပြကြသည်။ ဆရာကြီးဒဂုန်နတ်ရှင်ရေးသားပြုစုသော စာပြုစာဆိုပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ်တွင် ဦးရွှန်း၏ငယ်အမည်မှာ မောင်ရွှံဖြစ်သည်ဟု စိတ်ဝင်စားဖွယ်ပြဆိုထားသည်။ ဆရာကြီး၏မှတ်သားထားချက်မှာ "သူငယ်ကို ပဋိသန္ဓေရှိစက မိခင်မှာ ရွှံ့ရာပျို့အန်ခြင်း(ချဉ်ခြင်း)စိတ်များဖြစ်ပြီးလျှင် ဖွားမြင်ပြီး၍ သတို့သားလေးဘက်တွားစကလည်း အလွန်အလွန်ရွှံ့ရာတတ်သည်ကိုစွဲ၍ သတို့သား၏မွေးနေ့မှာ သောကြာနေ့ဖြစ်သော်လည်း သတို့သား၏ငယ်မည်ကို မောင်ရွှံဟုတွင်စေ၏။ အချို့စာမူများ၌ မောင်ရွှန်းဟု တွေ့ရ၏။ သို့သော် ကျွန်ုပ်တို့မှတ်သားထားဖူးသည့်စာမှတ်ကိုသာ ရေးသားဖော်ပြလိုက်ရ၏။ ကြိုက်ရာကိုယူဆကြပါကုန်"ဟူ၍ဖြစ်သည်။ ဆရာကြီး၏ မှတ်တမ်း၌ မောင်ရွှန်းဆိုသည်မှာ ရွှန်းရေးရာတွင် "ဟထိုး"မပါသည်သာကွာသွားသည်။ အမှန်က ရွှန်းကိုပင် ရေးခြင်းဖြစ်သည်။ ဆရာကြီးမှာထားသလိုပင် ဦးရွှန်း၏ငယ်မည်ကို မောင်ရွှံ၊ မောင်ရွှန်း နှစ်သက်ရာမှတ်သားကြရန်ဖြစ်သည်။ များသောအားဖြင့် ယခုအခါတွင် ဦးရွှန်းအကြောင်းရေးသည့် စာအုပ်များ၌ မောင်ရွှန်း၊ ဦးရွှန်းဟူ၍သာ အသုံးများရေးသားကြသည်။ မောင်ရွှံဟု အတွေ့ရနည်းသည်။ ဆရာကြီးဒဂုန်နတ်ရှင်၏စာအုပ်၌သာ တွေ့ရသည်။

### အင်းဝမှ အမရပူရသို့

ဦးရွှန်းသည် ဘိုးတော်ဗဒုံမင်း အင်းဝမြို့၌နန်းတက်စတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် သက္ကရာဇ် ၁၁၄၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် (၁၇၈၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့)တွင် အင်းဝမြို့၌ နန်းတက်သည်။ နန်းတက်ပြီး တစ်နှစ်ခန့်အကြာတွင် ဦးရွှန်းကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် အင်းဝမြို့၌ ကြာရှည်စွာမနေပေ။ အမရပူရမြို့သစ်ကိုတည်ကာ သက္ကရာဇ် ၁၁၄၅ ခုနှစ် နယုန်လဆန်း ၁၂ ရက်(၁၇၈၃ ခုနှစ် မေ ၁၃ ရက်)တွင် အင်းဝမှအမရပူရမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်းသည် အင်းဝမြို့၌ တစ်နှစ်နှင့် ရက် ၉၀ သာ စိုးစံခဲ့သည်။ ဦးရွှန်းတစ်နှစ်သားအရွယ်ခန့်တွင် အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။ ဦးရွှန်းကိုယ်တိုင်ကလည်း-

"ပြည်ရွှေဝတွင်၊ ဘုရားသာသနာ
နှစ်ထောင်သာ၍၊ သုံးရာလွန်မြောက်
နှစ်ဆယ့်ခြောက်ဝယ်၊ ရေ့မြောက်သေန်
ဘူမိမွန်၌၊ ဝိမာန်ဌာန
အမရဘုံသစ်၊ တည်သည့်နှစ်တွင်
တံထစ်မလွဲ၊ ပြောင်းဆဲလုလု"ဟူ၍ သူမွေးဖွားချိန်ခါသည် အင်းဝမှ အမရပူရမြို့သို့ ပြောင်းဆဲလုလုချိန်တွင် မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဦးရွှန်း၏ မိဘများသည် မင်းမှုထမ်းများဖြစ်သောကြောင့် ဘိုးတော်ဗဒုံမင်း အင်းဝမြို့မှ အမရပူရမြို့သို့ ပြောင်းရွှေ့သောအခါ လိုက်ပါပြောင်းရွှေ့ရသည်။ ထိုအကြောင်းကို ဦးရွှန်းက ဥမ္မာဒန္တီပျို့နိဒါန်း၌-

"ဇာတိရိုက်ရာ၊ တို့ဖွားခါကား
ရတနာပူရ၊ မြို့ရွှေဝတွင်
သည်ကမပျော်၊ ပြောင်းခဲ့သော်မူ"ဟူ၍ ရေးဖွဲ့ထားခဲ့သည်။ ဦးရွှန်းတို့သည် အမရပူရမြို့သို့ပြောင်းရွှေ့သောအခါတွင် အမရပူရမြို့ အနောက်တောင်ထောင့်တွင်ရှိသော ရွှေလင်းပင်ဘုရား၏ရှေ့တွင် နေထိုင်ခဲ့ကြသည်။ ထိုအကြောင်းကို ဥမ္မာဒန္တီပျို့နိဒါန်း၌-

"ကျောက်ရောင်ညီးညီး၊ မှန်နန်းကြီးက
ဝေးနီးတောက်အောင်၊ အနောက်တောင်တွင်
ရွှေရောင်လျှံဝင်း၊ ရွှေမြို့တွင်း၌
ရွှေလင်းပင်ရှေ့၊ သူတော်လေ့ဖြင့်
ပျော်မွေ့သောခါ"ဟူ၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထို့ပြင် မဟော်ပြဿနာခန်းပျို့နိဒါန်းတွင်လည်း "ရှေ့ခွင်ပြုပွါ၊ မိဘရာဝယ်"ဟူ၍ ရေးဖွဲ့ထားသည်။

### စာဆိုတော်များအတ္ထုပ္ပတ္တိ၏ပမာဒလေစ

ပိုလ်မှူးဘသောင်းပြုစုသော စာဆိုတော်များအတ္ထုပ္ပတ္တိတွင် ဦးရွှန်းနေထိုင်ရာနေရာကို "နေရပ်ကားရတနာပူရ အင်းဝရွှေမြို့တော်၏ အလယ်ဗဟိုတွင်တည်ရှိသော ရွှေလင်းပင်စေတီတော်၏ အရှေ့ဘက်ဖြစ်၏။ ထို့ကြောင့်လည်း မဟော်ပြဿနာခန်းပျို့နိဂုံးပိုဒ်စုံရတုတွင် "ဇမ္ဗူရည်ထင်၊ ရွှေလင်းပင်၏၊ ရှေ့တွင်ပြုဗွာ၊ မိဘရာဝယ်"ဟု အမိအဖတို့၏နေရပ်၊ မိမိ၏ဖွားရာအရပ်ကို အမြွက်မျှပြထားသည်"ဟူ၍ရေးသားထားသည်။ ပိုလ်မှူးဘသောင်းက ဦးရွှန်းနေထိုင်ရာသည် အင်းဝမြို့လယ်ရှိ ရွှေလင်းပင်ဘုရားရှေ့ဟု မှားယွင်းခဲ့ခြင်းဖြစ်သည်။ အမှန်က ရွှေလင်းပင်ဘုရားသည် အင်းဝမြို့၌မရှိပါ။ အမရပူရမြို့၌သာရှိသည်။ အင်းဝမှ အမရပူရမြို့သို့ ဦးရွှန်း တစ်နှစ်သားခန့်အရွယ်ကပင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ရွှေလင်းပင်ဘုရားသည် အမရပူရမြို့အနောက်တောင်ထောင့်၌ရှိသော မြို့ထောင့်စေတီဖြစ်သည်။ ယခုတောင်သမန်အင်း၏အနောက်မြောက်ထောင့်ရှိ ကားလမ်းမြောက်ဘက်တွင်ရှိသော စေတီဖြစ်သည်။ ပိုလ်မှူးဘသောင်းကိုးကားခဲ့သည့် မဟော်ပြဿနာခန်းပျို့နိဂုံးကို သေချာပြန်ကြည့်လျှင်လည်း အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

"အသမ္ဘိန္နရိုး၊ ဆဒ္ဒစိုးလျက်
ဘိုးတော်ရပ်ဌာန်၊ တည်ထောင်ပြန်က
နန္ဒမူလ၊ ရွှေလိုဏ်ဝသို့
ဒွါရအနွှော၊ နော်မြော်လျှောဝယ်
မုနောရွှေတောင်၊ စကြာဆောင်သား
ဘုန်းခေါင်ရေရှိုး၊ စံပယ်စိုးက
ကိုးပါးအတူ၊ ပွင့်တော်မူသည်
ဇမ္ဗူရည်ထင်၊ ရွှေလင်းပင်၏
ရှေ့ခွင်ပြုပွါ၊ မိဘရာဝယ်"

အထက်ပါအဖွဲ့တွင် "ဘိုးတော်ရပ်ဌာန်၊ တည်ထောင်ပြန်က"ဟူ၍ ဆိုထားသောကြောင့် ဘိုးတော်ဗဒုံမင်းတည်ခဲ့သည့် အမရပူရမြို့ကို မြေဖြစ်သူ သာယာဝတီမင်းက ဒုတိယအကြိမ်တည်သည်၊ ထပ်မံတည်ထောင်ပြန်သည်ဟူ၍ဆိုကြောင်း ထင်ရှားသည်။ ထို့အတူ အမရပူရမြို့ဖြစ်ကြောင်းကား ထင်ရှားသည်။ အင်းဝလုံးဝမဟုတ်ပေ။

ပိုလ်မှူးဘသောင်းဆိုသလို ရွှေလင်းပင်ဘုရားသည် အင်းဝမြို့၌ မဟုတ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ဦးရွှန်းသည် မွေးဖွားစဉ်က အင်းဝမြို့၌ဖြစ်သည်။ တစ်နှစ်ခန့်အကြာတွင် မိဘတို့နှင့်အတူ အမရပူရမြို့သို့ပြောင်းရွှေ့ရပြီး အမရပူရမြို့အနောက်တောင် ရွှေလင်းပင်ဘုရားရှေ့ရှိ မိဘတို့အိမ်နေရာ၌ နေထိုင်ကြောင်း အမှန်မှတ်သားရပါမည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင်အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာနှင့် နှမ်း ၁၃၁၄ ဧက ရိတ်သိမ်းပြီးစီး

**ပုတော မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာနှင့် နှမ်း ၁၃၁၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၃၅၃ ဧကနှင့် နှမ်း ၉၆၁ ဧက စုစုပေါင်း ၁၃၁၄ ဧကကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့် နေကြာနှင့်နှမ်းစိုက်ခင်းများကို ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးတဲ့ရာသီက ပုတောမြို့နယ်မှာ နေကြာနဲ့ နှမ်း ၁၃၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုစိုက်ပျိုးထားတဲ့ နေကြာနဲ့ နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ လျာထားချက်အတိုင်း အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးစေ့တွေအသုံးပြုတာ မှန်ကန်စေဖို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ပုတောမြို့နယ်တွင် ရိတ်သိမ်းပြီးဖြစ်သော နေကြာတစ်ဧကလျှင် ၁၀ ဒသမ ၂၃ တင်း၊ နှမ်း တစ်ဧကလျှင် ၁၁ ဒသမ ၁၁ တင်း ထွက်ရှိခဲ့ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့်သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ အထွက်နှုန်းကောင်းစေရန်၊ ပိုးသတ်ဆေး၊ အပင်အားဆေး စသည့်ဆေးဝါးများအသုံးပြုမှု မှန်ကန်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျိုက်မရော မတ် ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နတ်စမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက နတ်စမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

နတ်စမ်းကျေးရွာ၌ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေပြွန်သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ငွေမိုးကွန်ကရစ်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဩဂုတ်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နွယ်ဦးထံမှ သိရသည်။

**သုတ**

## ပန်းကုံးစွပ်ပွဲနှင့် ကံမွဲသူ

- ဆောင်းနှောင်းခါ လတပေါင်း
  တပ်ပေါင်းက ညီညီညာ၊
  ကြည်း ရေ လေ အောင်လံလွှင့်
  ကြွားဝင့်ချီလာ၊
  စစ်ချီတေး ဟစ်ကြွေးသီကာ
  တိမ်ယံမှာ ပျံကာဝေ့၊
  ပြည်သူတွေ အောင်လံဝှေ့
  ကြိုဆိုကာ ပျော်ရွှင်မွေ့
  မော်ကွန်းတင် ဘယ်မမေ့
  တပ်မတော်နေ့။

- စစ်အင်္ဂါ စဉ်မပျက်
  အားမာန်တက် သွက်လက်စွာ
  စစ်ကြောင်းချီလာ၊
  ဝံယာက ပျူပျူငှာ
  ကြိုဆိုကာ ပီတိဖုံး၊
  ပြည်သူတွေ ပျော်မဆုံး
  သပြေညို စံပယ်ကုံး
  ပေးဆပ်အပြုံး။

- ပြုံးစစ ပန်းကုံးရှင်
  ပျိုမေခင် အားမာန်ခဲ
  မျှော်ဆဲမှာပင်၊
  စစ်ကြောင်းက သွက်သွက်နှင်
  ပန်းကုံးရှင် ရင်ခုန်ဆဲ၊
  ရှက်သွေးဝင် မဝင့်မရဲ
  စစ်သည်ကို မျက်နှာလွှဲ
  ပန်းကုံးစွပ်ပွဲ။

- စစ်ကြောင်းချီ ကိုစစ်သား
  စိတ်လှုပ်ရှား အာရုံဝင်၊
  ပန်းကုံးရှင် ညိုပြာညက်
  ပေးဆပ်မည်ထင်၊
  ဟန်ရေးက တပြင်ပြင်
  ပီတိရှင် မျှော်နေဆဲ၊
  ပန်းကုံးရှင် အမြင်လွှဲ
  စောင့်လင့်သူ ကံခေမွဲ
  ပန်းကုံးနှင့်လွဲ။ ။

**ကျော်စောဟန်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်ကို ဗီယက်နမ်သို့လာရောက်ရန် ကွန်မြူနစ်ပါတီအတွင်းရေးမှူး ဖိတ်ကြား

**ဟနွိုင်း မတ် ၂၇**

ဗီယက်နမ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ငုယင်ဖူထရွန်းသည် ရုရှားသမ္မတပူတင်ကို ဗီယက်နမ်သို့ လာရောက်ရေးအတွက် ဖိတ်ကြားထားကြောင်း ဗီယက်နမ်အစိုးရ မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ငုယင်ဖူထရွန်းသည် မတ် ၂၆ ရက်က ပြုလုပ်ခဲ့သည့် ဖုန်းခေါ်ဆိုဆွေးနွေးပွဲ၌ ဗီယက်နမ်သို့လာရောက်ရေးအတွက်ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ငုယင်ဖူထရွန်း၏ဖိတ်ကြားချက်ကို ရုရှားသမ္မတ ပူတင်ကလည်း လက်ခံခဲ့ကြောင်း ဗီယက်နမ်မီဒီယာ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သမ္မတပူတင်၏ ဗီယက်နမ်ခရီးစဉ်ကို သင့်မြတ်သည့်အချိန်တွင်စီစဉ်ရန်လည်း ဗီယက်နမ်နှင့် ရုရှားနှစ်ဖက်စလုံးက သဘောတူထားသည်။

ဗီယက်နမ်နိုင်ငံသည်ဆိုဗီယက်ပြည်ထောင်စုခေတ်ကပင် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးခိုင်မာခဲ့သည့် နိုင်ငံဖြစ်သည်။

လက်ရှိအချိန်တွင်လည်းဗီယက်နမ်နိုင်ငံသည် ရုရှားနိုင်ငံ၏အဓိကအကျဆုံး အာရှမိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်သမ္မတရှီကျင့်ဖျင် အမေရိကန်စီးပွားရေးလုပ်ငန်းများမှ ခေါင်းဆောင်များကို ပေကျင်းမြို့၌ လက်ခံတွေ့ဆုံ



**ပေကျင်း မတ် ၂၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယနေ့တွင် အမေရိကန်စီးပွားရေးလုပ်ငန်းများမှ ခေါင်းဆောင်များကို ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

တရုတ်အစိုးရအနေဖြင့်ပြည်ပရင်းနှီးမြှုပ်နှံသူများကို ပြန်လည်ဆွဲဆောင်ရန် ကြိုးပမ်းနေချိန် တရုတ်သမ္မတရှီကျင့်ဖျင်က အမေရိကန် စီးပွားရေးလုပ်ငန်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

တရုတ်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ပြန်လည်မြှင့်တင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်ရန် ကြိုးပမ်းနေချိန်တွင် ပြည်ပရင်းနှီးမြှုပ်နှံသူများကလည်း တရုတ်အစိုးရစည်းမျဉ်းဥပဒေသစ်များ၏အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ အာမခံချက်ရရှိရန် ကြိုးစားနေကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်စီးပွားရေးခေါင်းဆောင်များတွေ့ဆုံပွဲအတွက် အမေရိကန်စီးပွားရေးလုပ်ငန်း ၂၀တို့မှ အကြီးအကဲများကို ဖိတ်ကြားထားကြောင်း တရုတ်အစိုးရသတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

သမ္မတရှီကျင့်ဖျင်နှင့်အမေရိကန်စီးပွားရေးလုပ်ငန်းများမှခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲမှာ မိနစ် ၉၀ ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတနှင့် အမေရိကန်စီးပွားရေးခေါင်းဆောင်များတွေ့ဆုံပွဲကို တရုတ်-အမေရိကန်ဆက်ဆံရေး အမျိုးသားကော်မတီနှင့် တရုတ် - အမေရိကန် စီးပွားရေးကောင်စီတို့က ကမကထပြုကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်နိုင်ငံသားများအတွက် လုံခြုံရေးအစီအမံများ ပါကစ္စတန်အစိုးရ ပြန်လည်သုံးသပ်

**အစ္စလာမ်မာဘတ် မတ် ၂၇**

ပါကစ္စတန်နိုင်ငံ အတွင်းရှိ တရုတ်နိုင်ငံသားများအတွက် ချမှတ်ကျင့်သုံးနေသော လုံခြုံရေးအစီအမံများကို ယနေ့တွင် ပါကစ္စတန်အစိုးရအဖွဲ့ဆွေးနွေးပွဲ၌ ပြန်လည်စဉ်းစားသုံးသပ်ခဲ့သည်။

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ အသေခံဗုံးခွဲသမားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ဆည်စီမံကိန်းတစ်ခုတွင် အလုပ်လုပ်နေသော တရုတ်အင်ဂျင်နီယာငါးဦးသေဆုံးခဲ့ရပြီး နောက်တစ်ရက်တွင် ပါကစ္စတန်အစိုးရက တရုတ်နိုင်ငံသားများအတွက်ကျင့်သုံးနေသည့် လုံခြုံရေးအစီအမံများကို ပြန်လည်စဉ်းစားသုံးသပ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်ကိုယ်တိုင်ဦးဆောင်သည့် ယနေ့အစိုးရအဖွဲ့ အစည်းအဝေးတွင် တရုတ်နိုင်ငံသားများအတွက် လုံခြုံရေးအစီအမံများကို ပြန်လည်သုံးသပ်ခဲ့ကြောင်း ပါကစ္စတန်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး အက်တူလာတာရာက ပြောကြားခဲ့သည်။

မတ် ၂၆ ရက် အသေခံဗုံးခွဲတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံအတွင်းရှိ တရုတ်အကျိုးစီးပွားများ ရက်သတ္တပတ်တာ ကာလအတွင်း တတိယအကြိမ် တိုက်ခိုက်ခံရမှုဖြစ်သည်။

ယင်းတိုက်ခိုက်မှုနှစ်ရပ်မှာ ဘလူချီစတန်ပြည်နယ်အတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့်အကောင်အထည်ဖော်နေသော ဆိပ်ကမ်းစီမံကိန်းတစ်ခုနှင့် လေတပ်စခန်းစီမံကိန်းတစ်ခုတို့တွင် ဖြစ်ပွားခဲ့သည်။

မတ် ၂၆ ရက် အသေခံဗုံးခွဲမှုတွင် သေဆုံးခဲ့ရသော တရုတ်အင်ဂျင်နီယာများမှာ ခိုင်ဘာပက်ခ်တွန်ခ်ဝါပြည်နယ် ဆည်စီမံကိန်း၌ အလုပ်လုပ်နေသူများ ဖြစ်ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ဘာလ်တီမိုးမြစ်ကူးတံတားပြိုကျမှု ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ထုတ်ပြန်

**နယူးယောက် မတ် ၂၇**



ဘာလ်တီမိုးမြို့ ဖရန့်စစ်စကော့ကီးတံတားပြိုကျမှုအတွင်း အသက်ရှင်ကျန်ရစ်သူများ ထပ်မံတွေ့ရှိရေးမျှော်လင့်ချက်ကို ရှာဖွေကယ်ဆယ်ရေးသမားများက စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မတ် ၂၆ ရက်က စင်ကာပူမှတ်ပုံတင်ကုန်သေတ္တာတင်သင်္ဘောတစ်စီး တံတားတိုင်ကို ဝင်တိုက်မိပြီးနောက် ဖရန့်စစ်စကော့ကီးတံတားကျိုးကျခဲ့ပြီး ရေထဲပြုတ်ကျပျောက်ဆုံးနေသူများရှိခဲ့သည်။

ကုန်သေတ္တာတင်သင်္ဘော ဝင်တိုက်မှုကြောင့် တံတားကျိုးကျစဉ် အလုပ်သမား ခြောက်ဦးလည်း ရေထဲပြုတ်ကျပျောက်ဆုံးခဲ့ကြောင်း ဘာလ်တီမိုးမြို့တာဝန်ရှိသူများက ပြောကြားထားသည်။

သို့သော် လက်ရှိအချိန်တွင် ပျောက်ဆုံးနေသူများကို ပြန်လည်ရှာဖွေရေးမှာ မျှော်လင့်ချက်မဲ့ခဲ့ရပြီဖြစ်ရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများရပ်ဆိုင်းလိုက်ကြောင်း အမေရိကန် ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန် ကမ်းခြေစောင့်တပ်သည် တံတားကျိုးကျမှုဖြစ်ပွားခဲ့ပြီးနောက် ၁၈ နာရီကြာမျှ ရေငုပ်သမားများဖြင့် ပျောက်ဆုံးနေသူများကို ရှာဖွေခဲ့ကြသည်။

အရှည် ၁ ဒသမ ၆ မိုင်ရှိသော ဖရန့်စစ်စကော့ကီး တံတားသည် ပါတက်စကိုမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသောမြစ်ကူးတံတားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ရုရှားနိုင်ငံသို့ မလိုအပ်ဘဲ မသွားရောက်ရန် ကာဂျစ်စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်သူများကိုတိုက်တွန်း

**ဘစ်ရှ်ကက် မတ် ၂၇**

မော်စကိုမြို့ ကရိုးကပ်စ်စီးတီးဂီတပွဲခန်းမဆောင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ရုရှားနိုင်ငံသို့မလိုအပ်ဘဲ မသွားရောက်ရန် ကာဂျစ်စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကာဂျစ်စတန်နိုင်ငံသားများကို ယနေ့တွင် တိုက်တွန်းထားသည်။

ကရိုးကပ်စ်စီးတီးအကြမ်းဖက်တိုက်ခိုက်မှုကို ဗဟိုအာရှဒေသမှ ရွှေ့ပြောင်း ဝင်ရောက်သူများ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားအစိုးရကကြေညာပြီးနောက် ရုရှားခရီးစဉ်များကို ကန့်သတ်ရန် ကာဂျစ်စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်သူများကို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှုအတွက် ကျူးလွန်သူများအဖြစ် ယူဆရသည့် တာဂျစ်ကစ္စတန်နိုင်ငံသား လေးဦးနှင့် ကာဂျစ်စတန်နိုင်ငံဖွား အမျိုးသားတစ်ဦးတို့ကို ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သိရသည်။

ကရိုးကပ်စ်စီးတီးအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ရုရှားပြည်သူများကြား ရွှေ့ပြောင်းဝင်ရောက်မှုဆန့်ကျင်ရေးစိတ်ဓာတ်များပြင်းထန်လာခဲ့ရသည်။

ကရိုးကပ်စ်စီးတီးအကြမ်းဖက်မှုအတွက် တာဝန်ရှိကြောင်း အစ္စလာမ်မစ် အကြမ်းဖက်အုပ်စု(အိုင်အက်စ်)က ကြေညာထားသည်။

မတ် ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့် ကရိုးကပ်စ်စီးတီးအကြမ်းဖက်မှုသည် ရုရှားနိုင်ငံအတွက် နှစ် ၂၀ အတွင်း အသေအပျောက်အများဆုံး အကြမ်းဖက်မှုဖြစ်ပြီး ၁၃၉ ဦး သေဆုံး၍ ၁၈၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**




# မီယာမီအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတက်ရောက်

**ဖလော်ရီဒါ မတ် ၂၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပသည့် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ဂရိတင်းနစ်မယ် ဆက်ကာရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၇-၅ ၊ ၆-၇ ၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရိုင်ဘာကီနာနှင့် ဆက်ကာရီတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ရိုင်ဘာကီနာသည် ဆက်ကာရီအားအနိုင်ရရှိရေးအတွက် ပွဲချိန်သုံးနာရီနီးပါးကြာအောင် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ရိုင်ဘာကီနာက" ကျွန်မအတွက် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီဟာ ရလဒ်ကောင်းတွေရရှိခဲ့တဲ့ တင်းနစ်ရာသီတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၂၄ ခုနှစ် တင်းနစ်ရာသီမှာ ရလဒ်ကောင်းရဖို့ ရုန်းကန်နေရတယ်။အခုပြိုင်ပွဲမှာလဲကျွန်မအနေနဲ့ အကောင်းဆုံး ကြိုးစားနေတယ်။ ဆက်ကာရီနဲ့ပွဲစဉ်မှာ တော်တော်လေးခက်ခက်ခဲခဲကစားခဲ့ရတယ်။ ပွဲလဲတော်တော်ပန်းခဲ့တယ်။ကျွန်မအနေနဲ့ တော်တော်လေးကံကောင်းလို့အနိုင်ရခဲ့တာပါ။ ဆီမီးဖိုင်နယ်အဆင့်မှာ အကောင်းဆုံးကစားနိုင်ဖို့အတွက် အရေးကြီးဆုံးကကြံ့ခိုင်မှုဖြစ်ပါတယ်။ ကြံ့ခိုင်မှုအပြည့်အဝရဖို့အတွက် ပြင်ဆင်သွားမယ် "ဟု ပြောကြားခဲ့သည်။

ရိုင်ဘာကီနာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါနှင့်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်)အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက ဆီးရီးယားအသင်းကို ရှုံးနိမ့်

**ရန်ကုန် မတ် ၂၇**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (အာရှဇုန်)အုပ်စုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၁နာရီ မိနစ် ၃၀က ဆော်ဒီအာရေဗျနိုင်ငံ ဒါမန်းမြို့တွင် ဆီးရီးယားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ဆီးရီးယားအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဆီးရီးယားအသင်းက ခြေစွမ်းပိုင်းအသာဖြင့် မြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန်မိနစ်၃၀တွင် ခါရီဘင်ကဆီးရီးယားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်းပြီးဆုံးခါနီး ၄၅ မိနစ်တွင် ဟိန်းဖြိုးဝင်းအနီကတ်ကြောင့် ထွက်ခွာခဲ့ရသည့်အတွက် ပထမပိုင်းအပြီးတွင် ဆီးရီးယားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် တစ်ဦးအသာ ရရှိနေသည့် ဆီးရီးယားအသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄၇ မိနစ်တွင် ဟီဆာ၊ ပွဲချိန် ၅၄ မိနစ်နှင့် ၆၃ မိနစ်တွင် ခါရီဘင်က လည်းကောင်း၊ ပွဲချိန် ၅၁ မိနစ်နှင့် ၆၈ မိနစ်တွင် အာဂျန်ကလည်းကောင်း၊ ပွဲချိန် မိနစ် ၈၀တွင် ဒါလီကလည်းကောင်း ဆီးရီးယားအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဆီးရီးယားအသင်းက မြန်မာအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

## အားကစားသတင်းအတိုအထွာများ

- နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ဆလိုဗေးနီးယားအသင်းနှင့် ပေါ်တူဂီအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဆလိုဗေးနီးယားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သဖြင့် ပေါ်တူဂီအသင်း ၁၁ ပွဲဆက်ရှုံးပွဲမရှိ စံချိန်ရပ်တန့်ခဲ့သည်။
- ဝေးလ်အသင်းအနေဖြင့် ယူရို ၂၀၂၄ ပြိုင်ပွဲမှထွက်ခွာခဲ့ရသော်လည်း နည်းပြရောဘတ်ပေ့ချ်က အသင်းနှင့်ဆက်လက်လက်တွဲသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ယူရိုခြေစစ်ပွဲ play-off ဗိုလ်လုပွဲစဉ်တွင် ဂျော်ဂျီယာ၊ ပိုလန်နှင့် ယူကရိန်းအသင်းတို့ အနိုင်ရရှိ







**ဘာလင် မတ် ၂၇**

၂၀၂၄ ယူရိုပြိုင်ပွဲ ဝင်ခွင့်သုံးနေရာအတွက် play-off ကစားခဲ့ရာ ဗိုလ်လုပွဲစဉ်တွင် ဂျော်ဂျီယာအသင်း၊ပိုလန်အသင်းနှင့်ယူကရိန်းအသင်းတို့က အနိုင်ရခဲ့သောကြောင့် ယူရိုပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ကြောင်း သိရသည်။

အဆိုပါ play-off ပွဲစဉ်တွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဆီမီးဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ဂျော်ဂျီယာအသင်းက ဆီမီးဖိုင်နယ်အဆင့်တွင် လူဇင်ဘတ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကာ ဗိုလ်လုပွဲစဉ်တွင် ကာဇက်စတန်အသင်းကို ငါးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည့် ဂရိအသင်းနှင့်တွေ့ဆုံခဲ့ရာ အကြိတ်အနယ်ကစားခဲ့ရသော်လည်း ပင်နယ်တီအဆုံးအဖြတ် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့်ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ယူကရိန်းအသင်း အနေဖြင့် ဆီမီးဖိုင်နယ်အဆင့်တွင် ဘော့စနီးယားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူ၍ ဗိုလ်လုပွဲတွင် အစ္စရေးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အိုက်စလန်အသင်းနှင့်တွေ့ဆုံခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ ပိုလန်အသင်းက ဆီမီးဖိုင်နယ်တွင် အက်စ်တိုးနီးယားအသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ဖင်လန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဝေးလ်အသင်းနှင့်တွေ့ဆုံခဲ့သော်လည်း ပင်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ၂၀၂၄ ယူရိုပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသွားမည်ဖြစ်ပြီး လာမည့် ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၄ ရက်ထိ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ် ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် မတ် ၂၇**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ကို ယနေ့ညနေ ၃နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲကို မတ်၂၈ရက်တွင် တစ်ရက်ရပ်နားမည်ဖြစ်ပြီး မတ် ၂၉ရက် နံနက် ၇နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ တတိယလုပွဲ ပွဲစဉ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ညနေ ၃ နာရီတွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။



STA

# တိုက်စစ်မှူးဘွန်နီဖေ့၏နေရာတွင် ဘိုင်ယာနှင့် အစားထိုးရန် လေဗာကူဆင်အသင်းပြင်ဆင်



**ဘာလင် မတ် ၂၇**

လေဗာကူဆင် အသင်းသည် တိုက်စစ်မှူးဘွန်နီဖေ့ကိုပရီးမီးယားလိဂ်အသင်းများက ခေါ်ယူရန်ကြိုးပမ်းနေမှုကြောင့် ၎င်းထွက်ခွာသွားပါက အစားထိုးနိုင်ရန် ဟော်ဖန်ဟိမ်းတိုက်စစ်မှူး ဘိုင်ယာကို ဘွန်နီဖေ့၏နေရာတွင် အစားထိုးနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူးဘွန်နီဖေ့သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက ဘယ်လ်ဂျီယံကလပ် စိန့်ဂျီလိုစီအသင်းမှ လေဗာကူဆင်အသင်းသို့ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့် ပထမဆုံးပွဲထွက်ရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု၁၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီး ကစားသမားအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက ဒဏ်ရာကြောင့် အနားယူနေရသော်လည်း ၎င်းကိုခေါ်ယူရန် အသင်းများက ချိတ်ဆက်နေသည့်အတွက် ဆက်လက်ထိန်းသိမ်းရန်ခက်ခဲနေကြောင်း သိရသည်။

လေဗာကူဆင်အသင်းက ကစားသမားကိုရောင်းချရန် ဆန္ဒမရှိသော်လည်း ပြောင်းရွှေ့ကြေး အနည်းဆုံး ယူရို ၅၅ သန်းရရှိပါက လာမည့်နွေရာသီတွင် လက်လွှတ်သွားရန် ဆုံးဖြတ်ထားသဖြင့် ဘွန်ဒက်လီဂါအတွေ့အကြုံ ကောင်းများရှိသည့် ဟော်ဖန်ဟိမ်းတိုက်စစ်မှူးဘိုင်ယာကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

လက်ရှိတွင် လေဗာကူဆင်အသင်းသည် ဟော်ဖန်ဟိမ်းအသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဘိုင်ယာကိုစာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန်စီစဉ်လျက်ရှိပြီး လာမည့်နွေရာသီတွင် ခေါ်ယူသွားနိုင်ရန်အတွက် လုပ်ခစာနှင့် ဆုကြေးများအတွက် ကနဦးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်း၊ ရုရှားနိုင်ငံတို့က Jam-Proof FPV ဒရုန်းများကိုတီထွင်ရန် အပြိုင်ကြိုးပမ်းလျက်ရှိ



ယူကရိန်း၊ ရုရှားနိုင်ငံတို့က ဒရုန်း Developer များသည် ရေဒီယိုလှိုင်းဖိဖျက်နှောင့်ယှက်ခြင်းနည်းလမ်းဖြစ်သော Jamming ပြုလုပ်ခံရခြင်းမှ ခုခံနိုင်စွမ်းရှိသည့် Jam-Proof FPV ဒရုန်းများကို တီထွင်ထုတ်လုပ်ရန် အပြိုင်အဆိုင်ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း Defense Post သတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံသား တက်ကြွလှုပ်ရှားသူ ရှေ့နေတစ်ဦးဖြစ်သူ Serhii Sternenko သည် ယူကရိန်းတပ်မတော်၏ အမှတ်(၆၀) နှင့် အမှတ်(၆၃) ယန္တရားတင်တပ်မဟာများက တီထွင်ထုတ်လုပ်ထားသည့် အဆိုပါ Jam-Proof FPV ဒရုန်းအမျိုးအစား၏ ဗီဒီယိုဖိုင်ရိုက်ကူးထားမှုကို မကြာသေးမီက ဆိုရှယ်မီဒီယာမှတစ်ဆင့် မျှဝေခဲ့သည်။

အဆိုပါဗီဒီယိုဖိုင်တွင် FPV ဒရုန်းတစ်စင်းသည် ရုရှားတပ်ဖွဲ့များ၏ တင့်ကားတစ်စီးကို အာရုံခံထောက်လှမ်း၍ တိုက်ခိုက်မှုပြုလုပ်ဆောင်ရွက်ပုံကို ပြသထားသည်။ ရုရှားတပ်ဖွဲ့များဘက်က အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များဖြင့် ဖိဖျက်နှောင့်ယှက်မှုများ ပြုလုပ်ဆောင်ရွက်နေသည့်အခြေအနေများအောက်တွင် တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း Sternenko က ပြောကြားခဲ့သည်။

ရေဒီယိုလှိုင်းနှုန်းသုံး Jammer များသည် ဒရုန်းနှင့် ၎င်း၏အော်ပရေတာကြား ဆက်သွယ်ရေးကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေပြီး ဒရုန်းပျံသန်းလုပ်ဆောင်နိုင်ရန် လမ်းညွှန်မှုကို နှောင့်ယှက်ဟန့်တားနိုင်စွမ်းရှိကြသည်။ သို့သော် စက်ပစ္စည်းဖြင့်ရရှိထားသော အမြင်အာရုံသက်သက်ဖြင့် ဒရုန်းသည် ၎င်း၏ပစ်မှတ်ကို အလိုအလျောက်ခြေရာခံကာ အော်ပရေတာထံမှ အချက်ပြလှိုင်းများထုတ်လွှင့်မှုကို အားမကိုးဘဲ ရန်သူနှောင့်ယှက်ဖိဖျက်ခြင်း ပြုလုပ်ခံရမှုမှ ခုခံကာကွယ်နိုင်သည်ဟု Forbes မဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သည်။

"အခြေအနေအများစုမှာ ရန်သူရဲ့ EW (Electronic Warfare) အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တွေရဲ့ လုပ်ဆောင်မှုကို ဒရုန်းတွေကိုယ်တိုင်က ပျက်ပြယ်စေနိုင်ပြီး ရန်သူကို ထိထိရောက်ရောက်တိုက်ခိုက်နိုင်စေပါတယ်"ဟု Sternenko ၏ ပြောကြားချက်ကို ကိုးကား၍ Forbes မဂ္ဂဇင်းက ဆက်လက်ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ယူကရိန်းနိုင်ငံသား တက်ကြွလှုပ်ရှားသူ ရှေ့နေဖြစ်သူ Sternenko က ယူကရိန်းငွေကြေး ဟရီဗနီးယားသန်း ၅၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ သန်း)ထိရရှိရန်ရည်ရွယ်၍ ထိုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ပမာဏများများထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကြရန် ယူကရိန်းနိုင်ငံသားများကို တိုက်တွန်းခဲ့သည်။ Quadcopters နှင့် Fixed-Wing နှစ်မျိုးစလုံးကို အဆိုပါ စုပေါင်းငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ဒရုန်းအစင်းရေ ၁၃၀၀ ကျော်ကို ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ပဋိပက္ခအတွင်း အလိုအလျောက်လုပ်ဆောင်နိုင်သော တိုက်ခိုက်ရေးဒရုန်းများကို ယခင်ကတည်းကတပ်ဖြန့်ခဲ့ပြီး ယူကရိန်းနိုင်ငံထုတ် Saker Scout ဒရုန်းများဖြင့် ၂၀၂၃ ခုနှစ်တွင် ရုရှားတပ်ဖွဲ့များ၏ ပစ်မှတ်များကို တိုက်ခိုက်မှုပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ AI ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီတစ်ခုက တီထွင်ထားသည့် Quadcopter အမျိုးအစား Saker Scout သည် ရုရှားစစ်ဘက်မှ ပစ်မှတ်အမျိုးအစားပေါင်း ၆၄ ခုကို စိစစ်ခွဲခြားသိရှိနိုင်ပြီး ရေဒီယိုလှိုင်းနှောင့်ယှက်၊ ဖိဖျက်၊ ပိတ်ဆို့မှုကို ခံနိုင်ရည်ရှိကြောင်း Forbes မဂ္ဂဇင်း၏ ဖော်ပြချက်အရ သိရသည်။ အကွာအဝေး ၁၂ ကီလိုမီတာ (၇ ဒသမ ၄၅ မိုင်) ရှိပြီး အလေးချိန် သုံးကီလိုဂရမ် (၆ ဒသမ ၆၁ ပေါင်)ရှိသော ခဲယမ်းများကို သယ်ဆောင်နိုင်သည်။ ထို့ပြင် ယူကရိန်းနိုင်ငံမှ Air Unit အဖွဲ့တစ်ဖွဲ့သည် လမ်းညွှန်စနစ်ပါရှိသော FPV ဒရုန်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် တီထွင်နိုင်ခဲ့သည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ သို့သော်လည်း ၎င်း၏ အလိုအလျောက်ပစ်မှတ်များကို ထောက်လှမ်းခြင်း၊ ရှာဖွေခြင်းနှင့် ခွဲခြားစိစစ်ဖော်ထုတ်ခြင်းတို့ကို လုပ်ဆောင်နိုင်သည့် အပြည့်အဝအလိုအလျောက်စနစ် Saker ဒရုန်းနှင့်မတူဘဲ Air Unit အဖွဲ့သည် တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်က ဦးစွာကြိုတင်သတိပေး၊ ဖော်ထုတ်ချက်လိုအပ်ပြီး ပစ်မှတ်ကို စိစစ်ခွဲခြားဖော်ထုတ်ပေးရန် ပစ်မှတ်ကိုလိုအပ်မည်ဖြစ်သည်။ Sternenko မျှဝေထားသော FPV ဒရုန်းသည် Air Unit အဖွဲ့၏ နောက်ဆုံးထုတ် အမျိုးအစားဖြစ်ကြောင်းလည်း Forbes မဂ္ဂဇင်း၏အဆိုအရ သိရသည်။

တစ်ချိန်တည်းဆိုသလိုပင် ရုရှားနိုင်ငံတွင်လည်း Ovod ("Gadfly") ဒရုန်းကို ပြည်တွင်း၌ တီထွင်ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် Kalashnikov လက်အောက်ခံကုမ္ပဏီခွဲ ZALA သည် ၎င်း၏တာဝေးပျံသန်းစစ်ဆင်နိုင်သော Lancet FPV ဒရုန်းအတွက် အစောပိုင်းကတီထွင်ခဲ့သော အလိုအလျောက်လမ်းညွှန်စနစ်၏ ပိုမိုအဆင့်မြင့်သောဗားရှင်းကို လုပ်ဆောင်ရန်စီစဉ်နေပြီး နောက်ပိုင်းတွင်ပြဿနာအချို့ကြောင့် ခေတ္တရပ်နားထားခဲ့ရကြောင်း Forbes မဂ္ဂဇင်းက ရေးသားဖော်ပြထားသည်။

"နှစ်ဖက်စလုံးက Jamming ဒဏ်ခံနိုင်တဲ့ FPV ဒရုန်းစွမ်းရည်အတွက် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံနေကြပြီး လက်ဦးမှုနဲ့ အသာစီးရအောင်ကြိုးစားနေကြပါတယ်"ဟု ရုရှားနိုင်ငံ ဒရုန်းဆိုင်ရာကျွမ်းကျင်ပညာရှင် Samuel Bendett ၏ ပြောကြားချက်ကို ကိုးကား၍ Forbes မဂ္ဂဇင်းက ရေးသားဖော်ပြထားသည်။

**Ukraine, Russia Compete to Develop Jam-Proof FPV Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက တရုတ်နယ်စပ်တွင် ပြည်တွင်းထုတ်လေဆာစွမ်းအင်သုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ ဖြန့်ကြက်

အိန္ဒိယတပ်မတော်သည် နိုင်ငံမြောက်ဘက်ပိုင်း တရုတ်နိုင်ငံနှင့် နယ်စပ်တစ်လျှောက် ပြည်တွင်းထုတ် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ခုနစ်ခုကို ဖြန့်ကြက်အသုံးပြုခဲ့ကြောင်း Defense Post သတင်းဌာနက မတ် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပေါင်းစည်းဒရုန်းထောက်လှမ်းရေးနှင့် တိုက်ဖျက်ရေးစနစ် -Integrated Drone Detection and Interdiction System (IDD&IS) ဟု အမည်ပေးထားသော အဆိုပါတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များတွင် အကွာအဝေး ၂ ကီလိုမီတာမှ ၅ ကီလိုမီတာ(၁. ၂၄ မိုင်မှ ၃မိုင်) နှင့် မီတာ ၈၀၀ (၂၆၂၄ ပေ)အတွင်း လုပ်ဆောင်နိုင်မည့် Soft-Kill နှင့် Hard-Kill နည်းလမ်းနှစ်မျိုးစလုံးအသုံးပြုထားကြောင်း Times of India သတင်းဌာနအဆိုအရ သိရသည်။

ယာဉ်ပေါ်တွင် တပ်ဆင်ထားသော အဆိုပါ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တွင် ရေဒီယိုလှိုင်းနှောင့်ယှက်ဖိဖျက်ခြင်းနှင့် လေဆာစနစ်များကို တပ်ဆင်အသုံးပြုထားကြောင်း Times of India သတင်းဌာန၏အဆိုအရ သိရသည်။

IDD&IS စနစ်များသည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း DRDO၊ Bharat Electronics ကုမ္ပဏီတို့က ထုတ်လုပ်ထားခြင်းဖြစ်ပြီး အိန္ဒိယတပ်မတော်ကြည်းတပ် လေကြောင်းရန်ကာကွယ်ရေးမှ စတင်အသုံးပြုလျက်ရှိသော Mark-1 စနစ်၏ မျိုးကွဲများလည်းဖြစ်သည်ဟု The Times of India သတင်းဌာနက စစ်ဘက်သတင်းရင်းမြစ်များကို ကိုးကားဖော်ပြထားသည်။

လက်ရှိ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များနှင့် ပေါင်းစည်းလုပ်ဆောင်သွားမည်ဖြစ်ပြီး အကွာအဝေးစွမ်းရည်ပိုမိုမြင့်မားကောင်းမွန်သော အဆင့်မြင့် IDD&IS ဗားရှင်းများအဖြစ် စဉ်ဆက်မပြတ်အဆင့်မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ IDD&IS တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များအနေဖြင့် ရေဒါဖြတ်ပိုင်း ဧရိယာနိမ့်ပါးသောဒရုန်းများ၊ ဒရုန်းများကို ရှာဖွေထောက်လှမ်း၍ တုံ့ပြန်ဖျက်ဆီးနိုင်စေရန် Soft Kill နှင့် Hard Kill နည်းလမ်းများကို ပေါင်းစည်းလုပ်ဆောင်သွားမည်ဖြစ်သည်ဟု The Times of India သတင်းဌာနက ရေးသားဖော်ပြထားကြောင်း သိရသည်။



**India to Deploy Domestic Laser Counter-Drone System On China Border ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းဗိမာန်(နေပြည်တော်)ညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်း ဗိမာန်အတွင်း လှည့်လည် ကြည့်ရှုစဉ်။

☆ ကျောဖုံးမှအဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန်အတွင်းနှင့် ရင်ပြင်တွင် နေရာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းချပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်အတူ သူရဲကောင်းစစ်သည်များကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန်(နေပြည်တော်)ညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး သူရဲကောင်းဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များကို ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်စဉ်။

**နေပြည်တော် မတ် ၂၇**

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် နှစ်ဦးနှင့် တတိယအဆင့် နှစ်ဦး စုစုပေါင်း လေးဦးတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ဘက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။


ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းမေးမြန်း အားပေးစကားပြောကြားပြီး အားဖြည့်ဌက်သိုက်များနှင့် ဂါရဝပြုချီးမြှင့်ငွေများကို ကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ယခု ၂၀၂၄ ခုနှစ်တွင် ကျရောက်သော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်တတိယအဆင့် ဦးမောင်မောင်သည် အသက် ၁၀၁ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန်သည် အသက် ၁၀၀ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် တတိယအဆင့် ဦးအေးသိန်းသည် အသက် ၉၆ နှစ်နှင့် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ဦးဘချောသည် အသက် ၉၆ နှစ်တို့ဖြစ်ကြပြီး ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့်ဂျပန်တော်လှန်ရေးဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း ငယ်မူငယ်သွေးအပြည့်ဖြင့် နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်) ဦးဘချောကို အားဖြည့်ဌက်သိုက်များနှင့် ဂါရဝပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) ဦးမောင်မောင်ကို အားဖြည့်ဌက်သိုက်များနှင့် ဂါရဝပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများကို မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျရိုသေစွာဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျရိုသေစွာဂါရဝပြုပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၇**

ယနေ့တွင် ကျရောက်သည့် (၇၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့်အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၆ ဦးနှင့် ဇနီး ၁၀ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာ၌ တပ်မတော်၏အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် တပ်မတော်၏တာဝန်များကို အစဉ်အဆက်ဆက်ခံခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏ မိဘဆရာများပင်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်များမှ ထိန်းသိမ်းကာကွယ်ခဲ့ရပါကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် တိုင်းရင်းသားရေးနှင့်နိုင်ငံရေးကိုအကြောင်းပြု၍ အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့်အခြေအနေများအရ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထာဝရတည်ငြိမ်အေးချမ်းသည့် ပြည်ထောင်စုကြီးဖြစ်စေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများအနေဖြင့် ယခုကဲ့သို့တပ်မတော်နေ့များသို့ နှစ်စဉ်တက်ရောက်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရှိသေလေးစားမှုဖြင့် ကျေးဇူးတရားကိုသိရှိစွာ ဂါရဝပြုကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ အစဉ်အလာကောင်းတစ်ခုပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများ ကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗိုလ်မှူးကြီးညွန့်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့က ယခုကဲ့သို့ နှစ်စဉ်နှစ်တိုင်း တပ်မတော်နေ့ရောက်သည့်အချိန်တိုင်းတွင် မိမိတို့ကဲ့သို့ တပ်မတော် အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများကို ဂါရဝပြုကန်တော့ခြင်းသည် တပ်မတော်၏ကောင်းမြတ်သည့် ဂုဏ်ယူဖွယ်အစဉ်အလာကောင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် အခြားဩဝါဒစကားများကို ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျရိုသေစွာ ဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# Parade of 79th Anniversary Armed Forces Day held; Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivers address



Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing takes salute of parade columns at 79th Anniversary of Armed Forces Day Parade.

**Nay Pyi Taw March 27**

The Parade of the 79th Anniversary Armed Forces Day took place at Nay Pyi Taw military parade ground on 27 March evening with an address by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Military personnel of the Tatmadaw (Army, Navy and Air), female parade company of the Tatmadaw (Army), members of Myanmar Police Force and female parade company of MPF in columns which would participate in the parade ceremony took positions at the Thittat parade ground and participated in it on the parade agenda. Then the Bagpipe Band and the Central Military Band took the designated position in the parade ground.

Then, the flag bearers led by Parade Commander Maj-Gen Thein Zaw, followed by Anawyahtar Column led by Column Commander Brig Gen San Yu Naing comprising guard of honour, the parade companies representing the Directorate of Artillery, Office of Chief of Air Defence Troops, Directorate of Electrical and Mechanical Engineers, Directorate of Medical Services, Northern Command, Eastern Central Command (company 1) and South-East Command.

Kyansittha column led by Column Commander Brig Zaw Myint Oo comprising Guard of Honour, parade companies representing Directorate of Signals, Directorate of Amoured Vehicles, Directorate of Ordnance, Office of Chief of Military Equipment Production, North-East Command, Triangle Region Command (company 2) and Coastal Region Command

Bayintnaung column led by Column Commander Brig Gen Tin Maung Than, comprising guard of honour, parade companies of Office of Commander-in-Chief (Navy), Office of Commander-in-Chief (Navy) (female technician company), Office of Commander-in- Chief (Navy) (company 1, 2 and 3), Yangon Command and North-West Command

Aung Zeya column led by Column Commander Brig Gen Ye Yint Win, comprising guard of honour, parade companies representing Office of Commander-in-Chief (Army) (female company), Office of Commander- in-Chief (Army) (female company 1,2 and 3), Office of Commander- in-Chief (Army) (female technician company 1,2 and 3),

Hsinbyushin column led by Column Commander Brig Gen Myo Min Tun comprising guard of honour, parade companies rep-resenting Office of Commander-in-Chief (Air), Office of Commander-in-Chief (Air) (female technician company), Office of Commander-in-Chief (Air) (company 1,2 and 3), Western Command, and Central Command.



Parade columns march past Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing at 79th Anniversary of Armed Forces Day Parade.

Bandoola column led by Column Commander Brig Gen Zaw Hein Kyaing comprising guard of honour, airborne parade company, parade companies representing Directorate of Signals, Directorate of Supply and Transport, Nay Pyi Taw Command, Eastern Command, and Southern Command.

Aung San column led by column commander Police Brigadier General Zaw Lin Tun comprising the guard of honour company, the parade company representing Myanmar Police Force (Women), the parade companies (1) and (2) representing MPF (Women), and the parade companies (1), (2), (3) and (4) representing MPF (Men), together with the military bands marched towards the parade ground, according to the agenda.

During the parade, wife of the Chairman of the State Administration Council Commander-in-Chief of Defence Services Daw Kyu Kyu Hla, wife of the Vice Chairman of the SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Daw Than Than Nwe, the wife of the Chief of the General Staff (Army, Navy and Air), the wife of the Commander-in-Chief (Navy), the wife of the Commander-in-Chief (Air) and wives of senior military officers from the Office of the Commander-in-Chief garlanded personnel in the columns. Similarly, officers, other ranks and families from the Office of the Commander-in-Chief (Army), the Nay Pyi Taw Command and respective stations, members of the Myanmar Police Force and families, film and music artistes and local residents warmly greeted the parade columns with garlands along the road. Tatmadaw personnel and members of the MPF marched into the parade ground by chanting military songs in patriotic spirit and took designated positions.

Present at the parade ceremony were Deputy Minister of Defence of Russian Federation Colonel General Alexander Vasilyevich Fomin and party, Chief of General Staff (Army, Navy and Air) General Thiri Pyanchi Sithu Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Zeya Kyawhtin Zwe Win Myint, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung, the secretary, joint secretary and members of the SAC, union level officials, senior military officers from the Office of Commander-in-Chief, families of the Thirty Comrades, families of retired commanders-in-chief, retired senior Tatmadaw (Army, Navy and Air) officers, Independence Grade I, Grade II and Grade II Hmawgun Award winners, advisers, deputy ministers, retired Tatmadaw member ambassadors, Nay Pyi Taw Council members, military attaches and officials of foreign missions, representatives of NCA signatory EAOs, chairs and officials of political parties, families and relatives of Aung San Thuriya Title holders, Thiha Thura, Thura and military gallantry title and gallantry certificate winner soldiers and families and relatives, members of Myanmar War Veterans Organization, members of people's militia (transformed), original people's militia, border guard central advisory and control group, officials of Myanmar Police Force, fire brigade and Myanmar Red Cross Society, officials and staff of ministries, officials of YMBA, Myanmar Women's Affairs Federation, Myanmar Maternal and Child Welfare Association and Interfaith Friendship Association (Central), artistes who took party in movies honouring the Armed Forces Day, winners of marching song, military song, poem, short story, novel competitions, wellwishers who made donations commemorating the Armed Forces Day, officials of Myanmar Press Council, Motion Picture, Thabin and Music associations, and strategic studies, members of universities training corps, teachers and students of National Races Development University, invited guests, and local and foreign media.

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing arrived at the parade ground where the armed forces day parade was held and took the position on the dais. Tatmadaw members and MPF members from parade columns saluted him. The Senior General inspected the parade columns.

*See Page 12*

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, senior military officers lay honorary bouquet at Memorial to Fallen Heroes (Nay Pyi Taw), salute fallen heroes



Senior General Min Aung Hlaing lays honorary bouquet at Memorial to Fallen Heroes (Nay Pyi Taw).

**Nay Pyi Taw March 27**

A ceremony to lay a honorary bouquet and salute fallen heroes was held at the Memorial to the Fallen Heroes (Nay Pyi Taw) in the morning of the 79th Anniversary Armed Forces Day today and Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing laid an honorary bouquet at the memorial and saluted the fallen heroes.

Also present at the ceremony together with the Senior General were Vice Chairman of the SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win, Chief of General Staff (Army, Navy and Air) General Thiri Pyanchi Sithu Maung Maung Aye, Commander-in-Chief (Navy) Vice Admiral Zeya Kyawhtin Sithu Zwe Win Myint, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung, retired senior military officers and senior officers from the Office of the Commander-in-Chief of Defence Services.

First, the Senior General and senior officers took up their positions in the memorial and the square and the Senior laid the honorary bouquet and saluted the fallen heroes together with senior officers.

Then, the Senior Generals and senior officers signed the guest book of the memorial and inspected round the memorial.

100



Senior General Min Aung Hlaing visits Memorial to Fallen Heroes (Nay Pyi Taw).

*From Page 11*

They all saluted the State flag and fallen Tatmadaw members and recited four oaths.

The Senior General delivered an address. (The full text of the address is reported separately.)

Then, Tatmadaw members and MPF members from parade columns led by Parade Commander Maj-Gen Thein Zaw saluted the Senior General and left the parade ground.

When the parade columns marched past the Senior General, MTX-1A and PT-6 aeroplanes installed with 79 logo formation illumination in honour of the 79th Anniversary of Armed Forces Day, two H-125 helicopters with trail formation, Bell-206 helicopters with trail formation, two Eurocpoters with trail formation, two H-125 helicopters with Echelon formation, two Bell-206 helicopters with echelon formation, a Beech 1900D freighter flying along 295 degree route from eastern 45 degree from the view desk, two Su-30 SME fourth generation multipurpose heavy fighters with echelon formation twice, a MiG-29 multipurpose fighter lauching flares from the streightening point of the view desk showed demonstation to salute the Senior General.

The Senior General cordially greeted the distinguished guests and left the parade ground. Then, the parade of the 79th Anniversary of Armed Forces Day successfully concluded.

Bbronze statues of three empirors who established first, second and third Myanmar empires and the torch and emblems of the 79th Anniversary of Armed Forces Day can be seen in the Nay Pyi Taw parade ground where the 79th Anniversary of Armed Forces Day parade was held. Moreover, flags of Burma Independence Army, Burma Defence Army, Tatmadaw (Army, Navy and Air), directorates of the Office of the Commander-in-Chief (Army), colourful flags of military commands and divisions are being hoisted. This year, illuminations for military columns, truss beams, light boxes, lighting poles are arranged along the route where parade columns marched. The archway of the parade ground is decorated with LED strip lights in colours representing the parade columns. Moreover, lightings including drop blubs, up light programme LED strip lights and multicolur lights are also decorated along both sides of the road. The banner bearing welcome to the parade columns, State flag and flags of Tatmadaw (Army, Navy and Air) are decorated with lighting effects. In addition, trees in front of the dais are also equipped with handmade lightings, and two starts of three king statues with LED striplights. Furthermore, flag light boxes and LED strip lights are also decorated along the route where the Senior General would leave.

Additionally, as a gesture of honouring the 79th Anniversary of Armed Forces Day, posters depicting the movements of soldiers from the Tatmadaw (Army, Navy and Air) to ensure sharpening of patriotism are erected along Yangon-Mandalay Highway and Pinlaung junction. Moreover, the mottos of Tatmadaw are hung in Myanmar and English along the route to the parade ground.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Speech Delivered by the Commander-in-Chief of Defence Services, Senior General Thadoe Maha Thray Sithu, Thadoe Thiri Thudhama Min Aung Hlaing, at the 79th Armed Forces Day Parade on 27th March 2024



Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses 79th Anniversary of Armed Forces Day Parade.

**Comrades,**

Today commemorates the 79th Anniversary of the Armed Forces Day of our Tatmadaw, a symbol born out of Myanmar's independence struggle, the nation-building needs and aspirations of its people. Moreover, this day holds immense historical significance, marking the successful initiation of the anti-fascist movement by our Tatmadaw in collaboration with indigenous people on March 27, 1945, demonstrating a profound sense of nationalism.

**Comrades,**

Believing that regaining lost independence required armed revolution, General Aung San led the Thirty Comrades to Japan to learn modern military tactics. With Japan's assistance, they repelled English imperialists. Subsequently, the Tatmadaw, in unity with the people, defended against fascist Japan due to its oppressive governance and attitudes, beginning on March 27, 1945. It was the effort of the Tatmadaw, hand in hand with the people, in gaining independence, and it also is the Tatmadaw positioning itself ahead of the populace to prevent the loss of the nation's sovereignty and independence. Due to the legacy of the Divide and Rule policy imposed by British imperialists, the mass remnants of World War II weapons in a war-torn country, and diverse political ideologies, numerous armed insurgent groups, colloquially referred to as "Multi-Coloured Insurgents," emerged across the nation following the underground retreat of the Burmese Communist Party (BCP) in March 1948. Despite this, our Tatmadaw diligently safeguarded the integrity of the Union from disintegration through extensive nationwide operations.

**Comrades,**

Our Tatmadaw with sacrificial commitment and regarding itself as bearing a national duty related to sovereignty, not only combated internal multi-coloured insurgents but also deterred and suppressed foreign aggressions, such as the Kuomintang's intrusions in Shan State and the Mujahidin insurrection in Rakhine State. Moreover, the Tatmadaw steadfastly positioned itself at the forefront in safeguarding the nation during critical moments of threat, including the chaotic administrative upheaval during the 1988 uprising and the attempt to seize the state power through forcible means in 2020. Hence, I would like to earnestly emphasize that, always prioritizing the interests of the State and the People, likewise those of our endeavours since independence struggle to defend against any detrimental acts to Our Three Main National Causes, the Tatmadaw shall continue to pursue the same stance in the future.

**Comrades,**

Although our country adopted a Parliamentary Democracy System upon independence, the deterioration of national unity due to political issues, foreign incitements, constitutional deficiencies, armed conflicts, and dissents within political parties formed the Revolutionary Council and the Burma Socialist Programme Party to formulate state building through a Socialist Economic System from 1962 to 1988. Nevertheless, the country's economy experienced a decline due to various impositions and sanctions from internal and external elements, natural disasters, management shortcomings, and armed conflicts, followed by the occurrence of uprisings in 1988. As the country teetered on the brink of weakened national solidarity and faced the imminent danger of losing sovereignty, our Tatmadaw assumed state responsibility in September 1988. Following the assumption of state responsibility, our Tatmadaw not only prioritized the establishment of a multi-party democracy system in accordance with the aspirations of the people but also drafted a constitution deemed indispensable for formulating a democratic system and the constitution was ratified through a nationwide referendum in 2008. Afterwards, a free and fair multi-party democracy General Election was held in November 2010, facilitating a smooth and peaceful transition to democracy.

**Comrades,**

Despite variations in organizational structures, strengths, and objectives among international armies, the common goal is to safeguard the nation. Similarly, constitutions may differ among countries, but each constitution is ratified based on long-term national interests and prevailing conditions. Constitutions, typically drafted based on the origins, historical backgrounds, ethnicity, religion, politics, economy, and other factors of each country, cannot be judged as to which country's constitution is as right or wrong, as the primary consideration is the national interests of the respective nation.

In the 2008 Constitution of the Republic of the Union of Myanmar, the inclusion of the clause outlining the Tatmadaw's role is aimed at correction and prevention for weaknesses experienced in the past in advance. I would like to emphasize that the ratified paragraphs outlining the Tatmadaw's role in the Constitution are not for the benefit of the Tatmadaw but with the anticipation for the good of the country.

**Comrades,**

While scrutinizing the voting list of the 2020 election, it is evident to all comrades that the multi-party democracy General Election was conducted disorderly, marred by excessive electoral fraud, and such actions have tarnished the reputation of our nation. While verifying the list of 38.27 million eligible voters issued by the Union Election Commission for the 2020 General Election, firm evidence was unveiled that 11.3 million ballots were found to be ineligible, amounting to 29.54% voting fraud. The General Election is not only a national duty directly tied to the reputation of the country but also a process of selecting leaders who will shape the future trajectory of the nation. It is crucial to earn the trust of the people through the implementation of a free and fair multi-party democracy system, thereby shaping a decent political history. Therefore, Tatmadaw has temporarily assumed the state's responsibility in line with the Constitution on 1st February 2021 to prevent the NLD government from usurping the state authority through illegitimate means.

**Comrades,**

Since pre-independence period, the history of our country's political landscape has been characterized by unpredictability and complexity, echoing the sentiment of intransigent behaviours **"Intricate patterns of Politics is similar to the nature's outcome of an egg or a cloud"**. Even after Independence, a stable political system has been elusive due to diverse ideologies and perspectives, resulting in the implementation of various political systems. It can be observed that along with the unstable political system and internal ethnic armed conflicts, development of the country has lagged behind compared to other nations. Hence, to bolster the development and resilience of the present democratic trajectory, the State Administration Council is currently pursuing two political visions as **"To strengthen a disciplined and authentic multiparty democratic system; To foster a Union founded upon democratic and federal systems"** and the two national visions of the state: **"the prosperity of the nation and food security"**. In other words, these visions represent the nation's ambitions that must be relentlessly pursued. To achieve these ambitions, reflecting the absolute reality of the country, the Five-Point Roadmap and the Nine Objectives have been tailored and implemented. In doing so, I would like to urge Tatmadaw personnel to fulfil any assigned roles with a thorough understanding of these roadmaps and objectives.

**Comrades,**

Upon completion of the procedural measures of the state of emergency, the State Administration Council shall transfer the responsibilities of the state to the National Defence and Security Council. Consequently, in accordance with the Constitution, the National Defence and Security Council must convene a free and fair multi-party democracy General Election and continue to facilitate the procedure to delegate state power to a democratically elected government. To assist the implementation measures, the State Administration Council is overseeing the verification process of voter lists for the General Election and plans are underway to introduce a Mixed-Member Proportional (MMP) electoral system, which combines the First Past the Post system (FPTP) and Proportional Representation (PR) allowing for increased representation for various ethnic groups, *See Page 14*

*From Page 13*

regions, and respective societal interests in the parliament. Additionally, security measures are being expedited to ensure that voters can cast their ballots freely, without any perception of injustice such as intimidation, coercion, undue influence and group-based bullying. While efforts are underway to conduct an election successfully, certain Ethnic Armed Organizations (EAOs) and terrorist groups so-called People's Defence Forces (PDFs), are deliberately engaging in disruptive actions to sabotage and delay the election process. Thus, our Tatmadaw assumes a leading role in ensuring the establishment of a multi-party democracy system in line with the desires of the people and it is imperative for our Tatmadaw to steadfastly position itself at the forefront, strengthening the foundations of the multi-party democracy system and ensuring the successful conduct of the General Election.

**Comrades,**

In accordance with the procedural measures outlined in the Constitution for a state of emergency, our Tatmadaw's assumption of state responsibility on February 1, 2021, has faced numerous instances of political exploitation. During that period, elected representatives were dispatched to their respective places in order to address the prevailing political situation through legal channels. However, individuals who no longer had legitimacy to stand as elected representatives formed an unlawful committee known as the Committee Representing Pyidaungsu Hluttaw (CRPH) on February 5, 2021. Subsequently, they established an illegitimate government under the name of the National Unity Government (NUG) on April 16 of the same year. Following that, the so-called People's Defence Force (PDF) was formed while instigating their supporters to undertake armed violence. As the candidates from their respective parliaments are primarily tasked with legislation, it is imperative for them to possess a better understanding of and adherence to the law compared to the rest of the citizens. It is necessary to take into consideration their trustworthiness and commitment to democracy, especially as they resort to terrorism instead of utilizing legal avenues to address issues. Since then, there have been frequent occurrences of not only bombing attacks, arson attacks on villages, looting, extortion, and attacks on security posts across the country but also innocent civilians being murdered under false accusations of being informants, or 'tattletales'. The most egregious offenses include coercion against government employee, especially male and female teachers, and education service personnel, instances of random killings and the use of individuals as human shields during arrests. Their primary objective is to lower the education level of youths and indoctrinate them into terrorism, blurring their ability to distinguish between right and wrong. Hence, it is imperative to take timely preventive measures to thwart terrorist acts, which are universally condemned by societies and countries worldwide, including our own and in doing so, the Tatmadaw must go hand in hand with the people. I would like to impart that the international community should not condone the terrorist activities of extremist groups such as CRPH, NUG, PDF, and NLD and the condemnation of deliberate acts of violence targeting the educational sector is necessary.

**Comrades,**

It is evident that some ethnic armed organizations and terrorist groups are intensifying intimidation tactics and recruitment efforts, often at gunpoint and they are actively fomenting societal hatred as a top priority on their agenda. With a heterogeneous society, the formation of armed groups based on ethnicity and engaging in armed activities could undermine peace, ultimately harming the unity of the country. Against this backdrop, it is disheartening to witness youths becoming scapegoats of insurgents, misled by false narratives propagated through media sabotage. The ethnic armed terrorists operate from remote and inaccessible areas, where they earn income from various activities such as poppy cultivation, opium and narcotic drug trafficking, smuggling of state own natural resources, and involvement in gambling and casino enterprises, using these illicit gains to procure arms and ammunition, produce weapons, and expand their recruitment efforts. As the next phase, their behaviour in successive periods has shown that these armed groups are merely providing various reasons and excuses to showcase ethnic affairs as a means to undermine the state through armed insurgency. It can be said that they are hazardous organizations as they are originated from illicit acts such as drug production and distribution, dealing and smuggling natural resources. Hence, I would like to impart each of you not to make either direct or indirect contact with them. Incidents occurring in northern Shan State, Kachin State, Rakhine State, and other regions provide proof that the actions of certain ethnic armed groups and foreign-supported subversive organizations prioritize their own interests over those of Myanmar and its citizens, thus destroying the path towards forming a Union based on democratic values and federalism. Such actions could be labelled as foolish deeds since their use of force has resulted in the loss of interests among the local population and restricted students' access to education, despite the availability of democratic means. Hence, the Tatmadaw, Myanmar Police Force, and members of the security forces, including the people's militia, must effectively carry out their duties in accordance with the law and collaborate closely with the populace to restore peace and stability in areas experiencing unrest. Those who risk themselves for the sake of state peace and stability will also be duly honoured.

**Comrades,**

Ensuring the peace and stability of the state and the development of a People's Militia Strategy necessitate the implementation of military conscription which inherently aligns with the law and is more systematic compared to the formation of People's Militia and local defence forces. In accord with our nation's geopolitical significance and the global context, the adoption of a military conscription system has become a prerequisite; thus, a military conscription law was enacted on February 10 of this year. The core intent of the system is to safeguard Our Main National Causes as national duty. Furthermore, with the increasing number of veterans who have dutifully completed their defence duties, along with their reports and requests expressing consent to reenlist and serve the country in any sector with patriotic spirit, the spirit to protect race and religion, and the desire to safeguard Our Main National Causes, the Reserve Military Force Law was endorsed on February 13. The implementation of the Reserve Military Force Law may not necessarily enlist all veterans, but instead, only those deemed eligible will be assigned. I would like to say the adoption and implementation of these two laws would increase the defence strength to a certain extent, and after that, necessary measures will be taken step by step to ensure state peace, stability, and the prevalence of law and order.

**Comrades,**

In regard to peace processes, our Tatmadaw will maintain a firm stance in alignment with the Nationwide Ceasefire Agreement (NCA). The NCA is not an agreement reached hastily; it has undergone over 5,000 negotiations and meetings since its inception. Based on the agreed points, any stipulations requiring amendments will be democratically discussed following the constitutional amendment procedure. With the inception of the NCA, the Tatmadaw has released and implemented Six Peace Principles. The Six Peace Principles not only align with the essence of the NCA but also stem from the "**Knowledge**" gained through continuous peace efforts over successive periods, and they represent the "**reality**" that must be pursued to strengthen ongoing peace-building efforts. I would like to emphasize that our country adheres to the principles of peaceful coexistence for global peace and maintains friendly relations with other nations, while simultaneously prioritizing domestic peace-building efforts.

**Comrades,**

Some powerful nations are intervening in the internal affairs of smaller nations through various means, seeking to manipulate them according to their own interests. It is important to recognize that such actions resemble a form of neo-colonialism. Given our country's geographical location, it is evident that neo-colonialists are providing aid and support, often disguised in various forms, to governments and organizations that align with their interests and they attempt to weaken and disintegrate organizations that do not comply with their imperatives and prioritize national interests. Hence, as personnel serving in defence and security roles for the nation, it is essential for all of you to maintain cohesion within your unit, and unity among different units is also essential. The leaders of respective units and corps are required to have the ability to strongly consolidate internal cohesion. Only then can cohesion within the unit be cemented, enabling the dutiful execution of impending commands and duties.

**Comrades,**

With the rapid developments in information technology and communication networks in the current age, there is an increasing misuse of social media. Opposing individuals and organizations are exploiting social media to target the Tatmadaw, attempting to degrade its political reputation, falsify public opinion, and incite subversion. Hence, all citizens, including our Tatmadaw members, need to be critical and vigilant regarding unreliable media sources. National defence duties can be performed to the fullest extent only when unity between the Tatmadaw and the people is solidified. Therefore, I urge you to prioritize fostering unity with the people. As Tatmadaw members, adhering to the military code of conduct, engaging in organizational activities in the public domain, and providing public welfare services in respective regions must be done with genuine intent and goodwill.

**Comrades,**

The current conflicts worldwide demonstrate that threats involving nuclear and conventional weapons in the past have now merged with information warfare, powerful nations are forming alliances to intimidate weaker ones, and small nations are being used as proxies in attempts to contain neighbouring powerful states. Therefore, I encourage you to follow the Tatmadaw's work process of "**Study, Practise, Comply**" to transform into a technologically advanced modern armed force.

**Comrades,**

While eliminating internal destructive elements disguised as proponents of democracy and countering externally sponsored terrorist groups, I would like to conclude by urging you to comply with the objectives set forth for the 79th Armed Forces Day, which include:

- To safeguard the State with the sacrifice of life by upholding Our Three Main National Causes: Non-disintegration of the Union, Non-disintegration of national solidarity and perpetuation of sovereignty as the national policy of Tatmadaw;
- To actively participate in implementing the processes of two national visions of the State: the prosperity of the country and food security by Tatmadaw members together with the government and ethnic people in their respective sectors;
- To steadfastly implement enhancement of three capabilities in accord with the work process of Tatmadaw, such as study, practise and comply in building a modern patriotic Tatmadaw with powerful strength and sharpening prowess;
- To provide necessary assistance to hold a free and fair multiparty democratic general election by Tatmadaw to ensure peace and stability, solidarity and development, which are actual needs of the State and to emerge a Union based on democratic and federal systems. 100

# Families of Tatmadaw (Army, Navy and Air) led by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife pay respect to retired senior military officers attending 79th Anniversary Armed Forces Day parade



Senior General Min Aung Hlaing presents gifts to a retired senior military officer.

**Nay Pyi Taw March 27**

A ceremony to pay respect to retired senior military officers attending the 79th Anniversary Armed Forces Day today by families of the Tatmadaw (Army, Navy and Air) was held at the parlour of Zeyar Thiri Beikman in Nay Pyi Taw this morning.

Sixteen retired senior military officers and ten of their wives attended the ceremony, which was led by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General and wife Daw Kyu Kyu Hla and attended by Vice Chairman of the SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, senior officers from the Office of the Commander-in-Chief of Defence Services and their wives.

At the ceremony, the Senior General spoke words of respect, saying all of us are successors of the duties of the Tatmadaw in accordance with its tradition and the retired senior military officers who are attending the ceremony today are parents and mentors of us. The Tatmadaw has to protect the country from the dangers of collapse in successive eras. At present, the Tatmadaw has assumed the duties of the State in accordance with the 2008 constitution. Some ethnic armed organizations, with the excuse of ethnic and political causes, are committing terrorist acts. The Tatmadaw has to exercise restraint in accordance with the law for the non-disintegration of national unity and the non-disintegration of the Union. The Tatmadaw has been exerting efforts for building an everlasting, peaceful and stable union by enforcing the People's Military Service Law and the Reserve Forces Law due to the situation of the country. It is our pleasure and honour to have your presence at the Armed Forces Day ceremony every year. It is the fine tradition of the Tatmadaw to pay respect and express gratitude to seniors in accordance with Buddhist doctrine.

Then, the Senior General and wife and senior military officers and their wives paid respect to retired senior military officers on behalf of the families of the Tatmadaw (Army, Navy and Air) in accordance with the Myanmar tradition.

Afterward, on behalf of the retired senior military officers and their wives, General Thein Sein, Col Nyunt Swe and Lt-Gen Aung Htwe said paying respect to retired senior military officers and their wives on Armed Forces Day every year is a fine and proud tradition of the Tatmadaw and made best wishes for the mental pleasure and physical health of all Tatmadaw personnel and families led by the Senior General and wife before giving other advice.

Afterward, the Senior General and wife, the Vice-Senior General and wife and senior military officers and their wives personally and respectfully presented honorary gifts to retired senior military officers and their wives.

Then, the Senior General and senior military officers posed for documentary photographs together with the retired senior military officers and their wives.

Afterward, the Senior General and wife cordially greeted the retired senior military officers and their wives, who were attending the ceremony. 100

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife pay respects to Independence Mawgun Award winners who will attend 79th Anniversary of Armed Forces Day Parade

**Nay Pyi Taw March 27**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe pay respects to two Independence Mawgun Award (Second Class) winners and two Independence Mawgun Award (Third Class) winners who were in Nay Pyi Taw to attend 79th Armed Forces Day Parade at the Bayintnaung Villa in Nay Pyi Taw this morning.

At the meeting, the Vice-Senior General and wife, the Chief of General Staff (Army, Navy and Air) and wife and senior military officers of Office of the Commander-in-Chief of Defence Services inquired about health conditions of the four Independence Mawgun Award winners individually and presented edible bird nests and honorary cash assistance to them.

Afterwards, the Vice-Senior General and wife had tea and food together with the Independence Mawgun Award winners.

The four Independence Mawgun Award winners were in Nay Pyi Taw to attend the 79th Anniversary of Armed Forces Day Parade. Of them, U Maung Maung, Independence Mawgun Award (Third Class) winner, is now 101 years old, U Kyaw Sein, Independence Mawgun Award (Second Class) winner, 100 years old, and U Aye Thein, Independence Mawgun Award (Third Class) winner, and U Ba Chaw, Independence Mawgun Award (Second Class) winner are 96 years old each. It is learned that they are still healthy and strong and recounted their experience gained in resistance struggling to Japanese forces in World War II and that they still appeared in youthful behavior with a sense of loving the country and patriotism. 100



Vice-Senior General Soe Win presents gifts and cash assistance to Independence Mawgun Award winner (Second Class) U Kyaw Sein.



(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များက သရုပ်ပြပျံသန်း၍ အလေးပြုစဉ်။



(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များကို တွေ့ရစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

အဆိုပါ(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီစည်သူမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစား သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူစစ်၊ မူလပြည်သူစစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၉ သို့**



(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များကို တွေ့ရစဉ်။

စာမျက်နှာ ၁၈ မှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၂၀ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော် ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX-1A လေယာဉ်တစ်စီးနှင့် PT-6 လေယာဉ် နှစ်စီးတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် 79 Logo Formation ပုံစံအား မီးအလှများတပ်ဆင်၍ လည်းကောင်း၊ H-125 ရဟတ်ယာဉ် နှစ်စီးက Trail Formation ပုံစံဖြင့်လည်းကောင်း၊ Bell-206 ရဟတ်ယာဉ် နှစ်စီးက Trail Formation ပုံစံဖြင့်လည်းကောင်း၊ Eurocopter နှစ်စီးက Trail Formation ပုံစံဖြင့်လည်းကောင်း၊ H-125 ရဟတ်ယာဉ် နှစ်စီးက Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Bell-206 ရဟတ်ယာဉ် နှစ်စီးက Echelon Formation ပုံစံဖြင့်လည်းကောင်း၊ Eurocopter နှစ်စီးက Echelon Formation ပုံစံဖြင့်လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စီးကရှုရပ်၏ အရှေ့ဘက် ၄၅ ဒီဂရီ မြင့်ကွင်းမှ ၂၉၅ ဒီဂရီ လမ်းကြောင်းအတိုင်းပျံသန်း၍ လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စီးကရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီ မြင့်ကွင်းမှ ၂၅ ဒီဂရီ လမ်းကြောင်းအတိုင်း ပျံသန်း၍ လည်းကောင်း။

Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ် နှစ်စီးက Echelon Formation ပုံစံဖြင့် နှစ်ကြိမ် ပျံသန်း၍ လည်းကောင်း၊ MiG-29 ဘက်စုံသုံး တိုက်လေယာဉ် တစ်စီးက ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များထုတ်လွှတ်၍ လည်းကောင်းအသီးသီး သရုပ်ပြပျံသန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာပြီး ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော် စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ တပ်မတော်နေ့မီးရှူးတိုင်နှင့်(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်ကြီးကိုလည်းကောင်းဝင့်ထည်စွာ တွေ့မြင်နိုင်သည့်အပြင်ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊တပ်ဖွဲ့ များ၏ အမှတ်တံဆိပ်ပါရောင်စုံအလံများ တလွင့်လွင့် လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး ယခုနှစ်တွင် အခြားနှစ်များနှင့်မတူဘဲ စစ်ကြောင်းကြီးများချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင်LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များအတိုင်း ပြောင်းလဲအလှဆင်၍လည်းကောင်း၊ လမ်းဘေးဝဲယာ တစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊နိုင်ငံတော်အလံနှင့်တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံ စင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြန်လည်ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီးပုံဖော်အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။




(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သတင်းယူကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကို တွေ့ရစဉ်။

ထို့ပြင် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဓာတိသွေး၊ ဓာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ၊အင်္ဂလိပ်နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များ စိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သတင်းရရှိသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၇၂၀၉၁၊ ၀၇၁- ၂၀၇၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင်ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းနဲ့အတူ နိုင်ငံတော်ရဲ့လိုအပ်ချက်၊ပြည်သူတွေရဲ့ကြိုးပမ်းချက်တွေနဲ့ယှဉ်တွဲပေါ်ပေါက်လာတဲ့ တို့တပ်မတော်ရဲ့ (၇၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ ဒါ့ပြင် တို့တပ်မတော်ဟာ တိုင်းရင်းသားပြည်သူတို့နဲ့အတူ လက်တွဲပြီး ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်မှာ အမျိုးသားရေးအားမာန်တွေနဲ့ ဖက်ဆစ်တော်လှန်ရေးကြီးတစ်ရပ်ကို အောင်မြင်စွာစတင်ဆင်နွှဲခဲ့တာကြောင့် သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့တဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။

**ရဲဘော်တို့**

ဆုံးရှုံးသွားတဲ့ နိုင်ငံ့လွတ်လပ်ရေးပြန်ရဖို့ နယ်ချဲ့အင်္ဂလိပ်တွေကို တိုက်ယူမှရမယ်လို့ယုံကြည်တဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်မှာခေတ်မီစစ်ပညာများသင်ကြားခဲ့တယ်။ ဂျပန်တို့နဲ့လက်တွဲပြီး နယ်ချဲ့အင်္ဂလိပ်တွေကိုတိုက်ထုတ်ခဲ့သလို ဆိုးရွားလှတဲ့ဂျပန်တို့ရဲ့ အုပ်ချုပ်၊ ဆက်ဆံရေးတွေကြောင့် ပြည်သူတို့နဲ့အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်ကို ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်ကစပြီး ပြန်လည်တိုက်ထုတ်ခဲ့ရတယ်။ တို့တပ်မတော်ဟာ ပြည်သူနဲ့အတူလက်တွဲပြီး နိုင်ငံကိုလွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့သလို လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာပြန်လည်မဆုံးရှုံးစေဖို့အတွက် ပြည်သူရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးခဲ့တယ်။ တို့နိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့ရဲ့ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှု၊ ဒုတိယကမ္ဘာစစ်အတွင်း စစ်တလင်းဖြစ်ခဲ့ရတဲ့အတွက် စစ်ကျန်လက်နက်တွေများပြားမှု၊ နိုင်ငံရေးအယူအဆကွဲပြားမှုတို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)အနေနဲ့ ၁၉၄၈ခုနှစ် မတ်လမှာ တောခိုခဲ့ရာကစပြီး "ရောင်စုံသောင်းကျန်းသူများ"လို့ခေါ်ဆိုရတဲ့ အထိနိုင်ငံအနှံ့မှာ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းအများအပြားပေါ်ပေါက်လာခဲ့တယ်။ဒါပေမဲ့လည်း တို့တပ်မတော်အနေနဲ့နိုင်ငံနဲ့တစ်ဝန်းစစ်ဆင်ရေးကြီး အမြောက်အမြားကိုဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုကြီးမပြိုကွဲအောင် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့တယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ အဲဒီလိုပြည်တွင်းရောင်စုံသောင်းကျန်းသူတွေကို နှိမ်နင်းခဲ့ရတဲ့အပြင် ရှမ်းပြည်နယ်မှာ တရုတ်ဖြူကူမင်တန်တွေရဲ့ကျူးကျော်မှုနဲ့ ရခိုင်ပြည်နယ်မှာ မူဂျာဟစ်ကုလားဆိုးတွေရဲ့သောင်းကျန်းမှုစတဲ့ပြည်ပကျူးကျော်မှုအန္တရာယ်များကိုလည်း အချုပ်အခြာအာဏာနဲ့ဆိုင်တဲ့ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ ကာကွယ်နှိမ်နင်းခဲ့ရတယ်။ ဒါ့ပြင် ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းမှာ အုပ်ချုပ်ရေးယန္တရားပျက်ပြားမှုနဲ့ ၂၀၂၀ ပြည့်နှစ် နိုင်ငံတော်အာဏာကိုအတင်းအဓမ္မရယူရန်ကြိုးပမ်းမှုစတဲ့ အန္တရာယ်ကြီးမားတဲ့ အရေးကိစ္စတွေကြုံတွေ့ခဲ့တဲ့အချိန်တွေမှာလည်း နိုင်ငံတော်အတွက် ရှေ့တန်းက မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးခဲ့ရတယ်။ ဒါကြောင့် တို့တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ပြည်သူရဲ့အကျိုးစီးပွားကိုအစဉ်ရှေးရှုပြီး အမျိုးသားရေးတာဝန်ဖြစ်တဲ့ဒီတာဝန်အရေးသုံးပါးကို ထိပါးလာမယ့်ကိစ္စရပ်မှန်သမျှကို လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစပြီး ယနေ့အချိန်ထိ ကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလတွေမှာလည်း ဆက်လက်ထိန်းသိမ်းကာကွယ်သွားမယ်ဆိုတာ အလေးအနက်ထားပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့ပြီးတဲ့နောက် ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့ပေမယ့်လည်း နိုင်ငံရေးပြဿနာတွေ၊ ပြည်ပက သွေးထိုးလှုံ့ဆော်မှုတွေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်တွေ၊ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ပါတီတွင်းသဘောထားကွဲလွဲမှုတွေကြောင့် တိုင်းပြည်စည်းလုံးညီညွတ်မှုပျက်ပြားလာလို့ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိကာလတွေမှာ တော်လှန်ရေးကောင်စီနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော်တည်ဆောက်ရေးကိုဆောင်ရွက်ခဲ့ကြတယ်။ ဒါပေမဲ့ ပြည်တွင်းပြည်ပက နည်းမျိုးစုံနဲ့နှောင့်ယှက်ပိတ်ဆို့မှု၊ သဘာဝဘေးအန္တရာယ်များနဲ့ စီမံခန့်ခွဲရေးအားနည်းချက်၊ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံရဲ့စီးပွားရေးကျဆင်းခဲ့ပြီး ၁၉၈၈ခုနှစ်မှာ အရေးအခင်းများဖြစ်ပေါ်လာခဲ့တယ်။ အဲဒီအချိန်မှာ နိုင်ငံရဲ့ အခြေအနေယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာအာဏာပြိုကွဲမယ့်အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့လာရတာကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလမှာ တို့တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်းတာဝန်ယူခဲ့ရတယ်။ တို့တပ်မတော်က အဲဒီလိုနိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းခဲ့ရတဲ့နောက်ပိုင်းမှာ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့သလို ဒီမိုကရေစီစနစ်ကျင့်သုံးဖော်ဆောင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုရေးဆွဲကာ ၂၀၀၈ခုနှစ်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီနောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ



အထွေထွေရွေးကောက်ပွဲကိုကျင်းပပေးခဲ့ပြီး ဒီမိုကရေစီစနစ်ကိုညင်သာငြိမ်းချမ်းစွာကူးပြောင်းနိုင်ရေးဆောင်ရွက်ပေးနိုင်ခဲ့တယ်။

**ရဲဘော်တို့**

နိုင်ငံတိုင်းရဲ့ တပ်မတော်တွေဟာ ဖွဲ့စည်းပုံတွေ၊ အင်အားတွေ၊ ရည်မှန်းချက်တွေမတူညီကြပေမယ့် နိုင်ငံတော်ကာကွယ်ရေးအတွက်ဆိုတဲ့ ရည်ရွယ်ချက်ကတော့အတူတူပဲဖြစ်ကြတယ်။ အဲဒီလိုပဲ နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံတူညီချင်မှတူညီနိုင်ပေမယ့် မိမိတို့နိုင်ငံရဲ့ ရေရှည်အကျိုးစီးပွားအတွက်သာဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဦးတည်ပြဋ္ဌာန်းကြတာပဲဖြစ်တယ်။တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပေါ်ပေါက်လာပုံ၊ သမိုင်းကြောင်းနောက်ခံအနေအထား၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ အခြားအခြေခံအချက်အလက်တွေအပေါ် မူတည်ပြီး ရေးဆွဲပြဋ္ဌာန်းလေ့ရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဘယ်နိုင်ငံကမှန်ပြီး ဘယ်နိုင်ငံကမှားတယ်လို့ဆိုလို့မရဘဲ မိမိတို့နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားအတွက်သာ ပမာနပဲဖြစ်တယ်။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ တပ်မတော်ရဲ့အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားခြင်းဟာ အတိတ်သမိုင်းစဉ်မှာကြုံတွေ့ခဲ့ရတဲ့ အားနည်းချက်တွေကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးအတွက် ပြဋ္ဌာန်းထားရခြင်းပဲဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော်ရဲ့အခန်းကဏ္ဍမှာပါတဲ့ ပြဋ္ဌာန်းချက်အပိုဒ်တွေဟာ တပ်မတော်အတွက်ပြဋ္ဌာန်းထားတာမဟုတ်ဘဲ နိုင်ငံတော်အကျိုးကိုမျှော်ကိုးပြီး ထည့်သွင်းပြဋ္ဌာန်းထားခြင်းသာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ်မှာပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲရဲ့မဲစာရင်းတွေကို စိစစ်တဲ့အခါ ကမ္ဘာမှာလွန်စွာကြီးမားတဲ့ မဲမသမာမှုပြုလုပ်ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စည်းကမ်းမဲ့စွာဆောင်ရွက်ခဲ့တာ စိစစ်တွေ့ရှိရတဲ့အတွက် နိုင်ငံအနေနဲ့အမည်းစက်တစ်ခုဖြစ်ပေါ်ခဲ့တာ ရဲဘော်တို့အသိပဲဖြစ်တယ်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ခဲ့တဲ့ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်း ၃၈ ဒသမ ၂၇ သန်းမှာ ခိုင်လုံမှုမရှိဘဲ မဲစာရင်းပါဝင်မှု ၁၁ ဒသမ ၃ သန်း စိစစ်တွေ့ရတဲ့အတွက် ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း မဲမသမာမှုလုပ်ထားတာ စိစစ်တွေ့ရတယ်။ အထွေထွေရွေးကောက်ပွဲဆိုတာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံရဲ့အနာဂတ်ကိုဖော်ဆောင်မယ့် ခေါင်းဆောင်တွေကို ရွေးချယ်ခြင်းလည်းဖြစ်တယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီစနစ်အပေါ်မှာ ပြည်သူတွေယုံကြည်မှုရှိဖို့နဲ့ ကောင်းမွန်တဲ့နိုင်ငံရေးသမိုင်းကို ပုံဖော်နိုင်ဖို့အရေးကြီးတယ်။ ဒါကြောင့် နိုင်ငံတော်အာဏာကို မသမာတဲ့နည်းလမ်းနဲ့ရယူဖို့ကြိုးစားတဲ့ NLD အစိုးရရဲ့ ဥပဒေမဲ့လုပ်ရပ်များကို ကာကွယ်တားဆီးနိုင်ဖို့အတွက် တပ်မတော်အနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီနိုင်ငံတော်အာဏာကို ခေတ္တရယူထိန်းသိမ်းခဲ့တာပဲဖြစ်တယ်။

**ရဲဘော်တို့**

တို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်သမိုင်းဟာ လွတ်လပ်ရေးမရမီကတည်းက **"ကြက်ဥအရောင်တိမ်တောင်သဖွယ်မင်းရေးကျယ်"**ဆိုသလို ရှုပ်ထွေးမှုတွေရှိနေခဲ့တယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလတွေမှာလည်း အယူဝါဒအမျိုးမျိုး၊ သဘောထားအမျိုးမျိုးကြောင့် ခိုင်မာတဲ့နိုင်ငံရေးစနစ်ကို တစ်သမတ်တည်းချမှတ်ဖော်ဆောင်နိုင်ခြင်းမရှိဘဲ စနစ်အမျိုးမျိုးကိုပြောင်းလဲကျင့်သုံးခဲ့ရတယ်။ နိုင်ငံရေးစနစ်တည်ငြိမ်မှုမရှိခြင်းနဲ့ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေကြောင့် ဖွံ့ဖြိုးမှုအပိုင်းမှာ အခြားနိုင်ငံများနဲ့နှိုင်းယှဉ်ရင် အတော်လေးနောက်ကျကျန်ခဲ့တာကို တွေ့ရတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ လက်ရှိလျှောက်လှမ်းနေတဲ့ ဒီမိုကရေစီစနစ်ခိုင်မာအားကောင်းစေရေးနဲ့ ဖွံ့ဖြိုးမှုရှိစေရေးအတွက် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်နဲ့ "တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး"ဆိုတဲ့ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့်ပြောရရင် အဲဒီရည်မှန်းချက်တွေဟာ စဉ်ဆက်မပြတ်ဆောင်ရွက်ရမယ့်နိုင်ငံတော်ရဲ့မျှော်မှန်းချက်များပဲဖြစ်တယ်။ ဒီမျှော်မှန်းချက်တွေပြည့်ဝဖို့အတွက် နိုင်ငံတော်ရဲ့ပကတိအခြေအနေများနဲ့ကိုက်ညီတဲ့ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ကိုချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တို့တပ်မတော်သားတွေအနေနဲ့လည်း ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်များကို သိရှိနားလည်ပြီး ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်တွေအတိုင်း ဆောင်ရွက်ပြီးစီးပါက အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီထံသို့ နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမှာဖြစ်တယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ထွက်ပေါ်လာတဲ့အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ အထောက်အကူဖြစ်စေဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အထွေထွေရွေးကောက်ပွဲကျင်းပချိန်မှာ မဲစာရင်းတွေပြည့်စုံမှန်ကန်မှုရှိဖို့ လုပ်ဆောင်နေသလို ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ တိုင်းရင်းသားများ၊တိုင်းရင်းသားဒေသများနဲ့ လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ကိုယ်စားလှယ်များ လွှတ်တော်ထဲကိုရောက်ရှိလာစေရေးအတွက် လက်ရှိကျင့်သုံးနေတဲ့အနိုင်ရသူအကုန်ယူစနစ်(First Past the Post-FPTP)အပြင် မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်နဲ့သင့်တော်တဲ့ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation-PR)ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိတယ်။ ဒါ့ပြင် နိုင်ငံသားတစ်ဦးချင်းစီအနေနဲ့လည်း ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုနဲ့အနိုင်ကျင့်လွှမ်းမိုးမှုစတဲ့ မတရားမှုတွေကင်းဝေးစေပြီး လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် လုံခြုံရေးကိစ္စရပ်များကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဆောင်ရွက်နေချိန်မှာ EAO အချို့နဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေက ရွေးကောက်ပွဲပျက်ပြားစေဖို့နဲ့ နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်စေဖို့လုပ်ဆောင်လျက်ရှိတယ်။ ဒါကြောင့် တို့တပ်မတော်အနေနဲ့ပြည်သူလူထုရဲ့ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ပေါ်ပေါက်လာစေရေးဦးဆောင်အကောင်အထည်ဖော်ပေးခဲ့သလို ပါတီစုံဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာဖြစ်စေရေးနဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ရှေ့ကနေမားမားမတ်မတ်ရပ်တည်ဆောင်ရွက်သွားရမှာဖြစ်တယ်။

**ရဲဘော်တို့**

တို့တပ်မတော်ဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ရဲ့တာဝန်ကို ထိန်းသိမ်းခဲ့ခြင်းဖြစ်ပေမယ့်လည်း ဒီလိုထိန်းသိမ်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး နိုင်ငံရေးအသုံးချမှုများစွာနဲ့ကြုံတွေ့ခဲ့ရတယ်။အဲဒီအချိန်က ရွေးချယ်ခံကိုယ်စားလှယ်တွေကို လက်ရှိနိုင်ငံရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး တရားဥပဒေနှင့်အညီဖြေရှင်းနိုင်စေဖို့အတွက် နေရပ်ဒေသအသီးသီးသို့ပြန်လည်စေလွှတ်ပေးခဲ့တယ်။ ဒါပေမဲ့ ရွေးကောက်ခံကိုယ်စားလှယ်များအဖြစ် ရပ်တည်ခွင့်မရှိတော့တဲ့သူတွေက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှာ "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)" အမည်နဲ့ တရားမဝင်ကော်မတီကိုဖွဲ့စည်းခဲ့တဲ့အပြင် အဲဒီနှစ် ဧပြီ ၁၆ ရက်မှာ အမျိုးသားညီညွတ်ရေးအစိုးရ(National Unity Government-NUG)အမည်နဲ့ တရားမဝင်အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြတယ်။ အဲဒီနောက်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(People Defence Force-PDF)ကိုဖွဲ့စည်းပြီး ၎င်းတို့ကိုထောက်ခံအားပေးသူတွေကို လက်နက်ကိုင်ဆူပူအုံကြွမှုများလုပ်ဆောင်ဖို့ တွန်းအားပေးဆောင်ရွက်လာခဲ့ကြတယ်။ လွှတ်တော်အသီးသီးရဲ့ ကိုယ်စားလှယ်တွေဟာ ဥပဒေပြုရေးကိုအလေးထားဆောင်ရွက်ရတာဖြစ်လို့ တရားဥပဒေလေးစားလိုက်နာရေး၊ သိရှိနားလည်ရေးမှာသူများထက်ပိုလိုအပ်တယ်။ သူတို့အနေနဲ့ တရားဥပဒေနဲ့အညီ ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ဖို့မလုပ်ဘဲ အကြမ်းဖက်လမ်းစဉ်ကိုရွေးချယ်ခြင်းဟာ

စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

သူတို့ရဲ့ဒီမိုကရေစီအပေါ်မှာ ဘယ်လိုလုပ်ယုံကြည်မှုရှိရမလဲဆိုတာ စဉ်းစားဖို့လိုတယ်။ အဲဒီအချိန်ကစပြီး မြန်မာနိုင်ငံအနှံ့အပြားမှာ မိုင်းထောင်ဖောက်ခွဲမှု၊ကျေးရွာတွေကိုမီးရှို့ဖျက်ဆီးမှု၊ပစ္စည်းလုယက်မှု၊အတင်းအကျပ်ဆက်ကြေးတောင်းခံမှု၊ လုံခြုံရေးစခန်းတွေကို တိုက်ခိုက်မှုတွေသာမကဘဲ ၎င်းတို့နဲ့အမြင်မတူသူများကို ဒလန်လို့စွပ်စွဲသတ်ဖြတ်မှုစတဲ့ အကြမ်းဖက်လုပ်ရပ်တွေ မကြာခဏဖြစ်ပွားလာခဲ့တယ်။ အဆိုးရွားဆုံးကတော့ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ အရပ်ဘက်ဝန်ထမ်းများ၊ အထူးသဖြင့် ဆရာ၊ ဆရာမများနဲ့ ပညာရေးဆိုင်ရာဝန်ထမ်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်း၊ လူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းတွေလုပ်ဆောင်နေတာပဲဖြစ်တယ်။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ လူငယ်လူရွယ်တွေကို ပညာရေးနိမ့်ကျပြီး အမှား၊ အမှန်မခွဲခြားနိုင်ဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်နောက်ကို လိုက်ပါလုပ်ဆောင်လာစေဖို့ပဲဖြစ်တယ်။ ဒါကြောင့် တို့နိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့်နိုင်ငံ၊မည်သည့်လူ့အဖွဲ့အစည်းကမှ လက်ခံနိုင်စရာမရှိတဲ့ ဒီအကြမ်းဖက်လုပ်ရပ်တွေကို အချိန်မီကာကွယ်တားဆီးရမှာဖြစ်ပြီး အဲဒီလိုလုပ်ဆောင်တဲ့နေရာမှာ တပ်မတော်အနေနဲ့ ပြည်သူနဲ့အတူလက်တွဲပြီး ပါဝင်ဆောင်ရွက်ရမှာပဲဖြစ်တယ်။ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့လည်း CRPH၊ NUG၊ PDF နဲ့ NLD အစွန်းရောက်များရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံမှုမပြုလုပ်သင့်သလို ပညာရေးကဏ္ဍကို ရည်ရွယ်ချက်ရှိရှိဖျက်ဆီးနေတဲ့အကြမ်းဖက်တိုက်ခိုက်မှုများအား ဆန့်ကျင်ရှုတ်ချဖို့လိုအပ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ အကြမ်းဖက်အဖွဲ့အစည်းများဟာ လက်နက်ဖြင့်အကြောက်တရားကိုဖန်တီးပြီး လူသတ်စုဆောင်းမှုတွေကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်လှုံ့ဆော်လျက်ရှိတာကိုလည်း တွေ့ရတယ်။ လူမျိုးစုများစွာရှိတဲ့တို့နိုင်ငံမှာ လူမျိုးကိုအခြေခံပြီး လက်နက်ကိုင်အဖွဲ့များဖွဲ့စည်းခြင်းနဲ့ လက်နက်ကိုင်လှုပ်ရှားမှုများလုပ်ဆောင်ခြင်းတွေဟာ ငြိမ်းချမ်းရေးနဲ့အလှမ်းဝေးစေပြီး တိုင်းပြည်စည်းလုံးညီညွတ်မှုကိုထိခိုက်ပျက်စီးစေလျက်ရှိတယ်။ ဒီလိုအခြေအနေမျိုးမှာ လူငယ်အချို့ဟာလည်း ပြည်ဖျက်မီဒီယာအချို့ရဲ့ အပျက်သဘောဆောင်တဲ့ သွေးထိုးလှုံ့ဆော်မှုတွေကိုနားယောင်ပြီး သောင်းကျန်းသူများရဲ့ အသုံးချခံဖြစ်နေတာကို စိတ်မကောင်းဖွယ်ရာမြင်တွေ့ရလျက်ရှိတယ်။တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်သမားများဟာ သူတို့အင်အားတည်ဆောက်နိုင်ရေးအတွက် ဝေးလံခေါင်းပါးပြီး အသွားလာခက်ခဲတဲ့နေရာမှာအခြေခံပြီး ဘိန်း၊ဘိန်းဖြူနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများကရရှိတဲ့ ဝင်ငွေ၊တရားမဝင်လမ်းကြောင်းက နိုင်ငံတော်သယံဇာတများ ခိုးထုတ်ရောင်းချမှုကရတဲ့ ဝင်ငွေ၊ တရားမဝင်နည်းပေါင်းစုံသောလောင်းကစားဝိုင်းများက ရတဲ့ဝင်ငွေနဲ့ လက်နက်ခဲယမ်းများဝယ်ယူတာ၊ ထုတ်လုပ်တာ၊ လူအင်အားစုဆောင်းတိုးချဲ့တာများပြုလုပ်ကြတယ်။ အဲဒီကတစ်ဆင့် တိုင်းရင်းသားရေးအကြောင်းအမျိုးမျိုးပြလက်နက်စွဲကိုင်ပြီး နိုင်ငံတော်ကိုဆန့်ကျင်မှုပြုလုပ်နေတာ သူတို့ရဲ့ခေတ်အဆက်ဆက်လုပ်ဆောင်ချက်များက သက်သေပြနေတယ်။ အဓိကကတော့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းနဲ့ သယံဇာတခိုးထုတ်တဲ့လုပ်ငန်းကိုအခြေခံပြီးစခဲ့တာဖြစ်တဲ့အတွက် အန္တရာယ်ကြီးတဲ့အဖွဲ့အစည်းလို့ပြောရမယ်။ ဒါကြောင့် သူတို့ကို ဘယ်သူကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း မပတ်သက်ဖို့လိုကြောင်း ပြောကြားလိုတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နဲ့ ပြည်ပလက်ဝေခံအဖွဲ့အစည်းအချို့ရဲ့လုပ်ရပ်တွေဟာ မြန်မာနိုင်ငံနဲ့မြန်မာနိုင်ငံသားတို့ရဲ့အကျိုးစီးပွားအတွက်မဟုတ်ဘဲ ၎င်းတို့နဲ့ ၎င်းတို့ရဲ့အဖွဲ့အစည်းအကျိုးအတွက်သာ ရှေးရှုလုပ်ဆောင်နေခြင်း၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတစ်ရပ်ဖော်ဆောင်ရေးကို ပျက်စီးအောင်လုပ်နေခြင်းဖြစ်တယ်ဆိုတာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ရခိုင်ပြည်နယ်နဲ့နေရာဒေသအချို့မှာဖြစ်ပွားနေတဲ့ဖြစ်စဉ်ဖြစ်ရပ်တွေက သက်သေခံလျက်ရှိတယ်။ ဒီမိုကရေစီနဲ့အညီဆောင်ရွက်နိုင်တာကို အဓမ္မနည်းနဲ့ပြုလုပ်တာကြောင့် ဒေသခံများရဲ့ အကျိုးစီးပွားပျက်စီးတာ၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားခွင့်ဆုံးရှုံးတာပဲခံစားရတဲ့အတွက် အင်မတန်မိုက်မဲတဲ့လုပ်ရပ်လို့ပြောလိုတယ်။ ဒါကြောင့် တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပြည်သူ့စစ်အဖွဲ့တွေအပါအဝင် လုံခြုံရေးတပ်ဖွဲ့တွေအနေဖြင့် ပြည်သူလူထုနဲ့အတူလက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရတဲ့ဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် တရားဥပဒေနဲ့အညီ ထိထိရောက်ရောက်ဆောင်ရွက်သွားရမယ်။နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စွန့်လွှတ်စွန့်စားသူများကိုလည်း ထိုက်တန်စွာချီးမြှင့်ဂုဏ်ပြုသွားမှာဖြစ်တယ်။

**ရဲဘော်တို့**

တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူ့စစ်မဟာဗျူဟာကိုဖော်ဆောင်ဖို့လုပ်ဆောင်ရာမှာ ပြည်သူ့စစ်အဖွဲ့တွေ၊ ဒေသခံကာကွယ်ရေးအဖွဲ့တွေဖွဲ့စည်းခြင်းထက် ဥပဒေနဲ့ပိုမိုညီညွတ်ပြီး စည်းစနစ်ကျတဲ့ပြည်သူ့စစ်မှုထမ်းစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။တို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထားနဲ့ လက်ရှိကမ္ဘာမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေအရ ဒီဥပဒေပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်သွားရမှာဖြစ်လို့ ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီးဖြစ်တယ်။ ဒီလိုလုပ်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ တို့နိုင်ငံရဲ့အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်တယ်။ ဒါ့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးတဲ့ စစ်မှုထမ်းဟောင်းများအနေနဲ့လည်း တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးဘာသာသာသနာကိုကာကွယ်လိုတဲ့စိတ်ဓာတ်၊ ဒို့တာဝန်အရေးသုံးပါးကိုအထိမခံတဲ့စိတ်ဓာတ်တွေနဲ့ ကျရာအခန်းကဏ္ဍက နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပြန်လည်ထမ်းဆောင်ပါမယ်ဆိုတဲ့ သတင်းပို့တောင်းဆိုမှုတွေများပြားလာတာကြောင့် အရန်တပ်ဖွဲ့ဥပဒေကို ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ အာဏာတည်စေခဲ့ပြီးဖြစ်တယ်။ အဲဒီအရန်တပ်ဖွဲ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရာမှာလည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမှာမဟုတ်ဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမှာဖြစ်တယ်။ ဒီဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်တာကြောင့် ကာကွယ်ရေးအင်အားကို အထိုက်အလျောက်မြှင့်တက်လာစေမှာဖြစ်ပြီး အဲဒီကမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်တာတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ရင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အပေါ်မှာသာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်သွားမှာဖြစ်တယ်။ NCA သဘောတူစာချုပ်ဟာလွယ်လင့်တကူဖြစ်ပေါ်လာတဲ့ သဘောတူစာချုပ်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စတင်ဖိတ်ခေါ်ခဲ့တဲ့နေ့ကစပြီး ဆွေးနွေးညှိနှိုင်းမှု ၅၀၀၀ ကျော်ထိပြုလုပ်ခဲ့ပြီးမှ ရရှိခဲ့တဲ့သဘောတူစာချုပ်ဖြစ်တယ်။ ရရှိထားတဲ့သဘောတူညီချက်များကတစ်ဆင့် ဖွဲ့စည်းပုံအခြေခံမှာ ပြင်ဆင်သင့်တဲ့အချက်များကို ဒီမိုကရေစီနည်းလမ်းတကျဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားရမှာဖြစ်တယ်။တပ်မတော်အနေနဲ့ NCA စာချုပ်ကြီးပေါ်ပေါက်လာတာနဲ့တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကိုထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။အဲဒီငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက်ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေကရရှိလာတဲ့"အသိတရား"ဖြစ်ပြီးလက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့်"အရှိတရား" လည်းဖြစ်တယ်။ တို့နိုင်ငံအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးတည်ဆောက်နေသလို ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒတွေနဲ့အညီလိုက်နာကျင့်သုံးလျက်ရှိကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့ဟာ နိုင်ငံငယ်တွေအပေါ်မှာ ၎င်းတို့အလိုကျလိုက်ပါလုပ်ဆောင်လာစေရေးအတွက် နည်းလမ်းမျိုးစုံနဲ့ကြားဝင်စွက်ဖက်မှုများပြုလုပ်လျက်ရှိတယ်။ ဒါဟာ ခေတ်သစ်ကိုလိုနီပြုခြင်းတစ်မျိုးဖြစ်တယ်ဆိုတာ သတိထားနိုင်ဖို့လိုတယ်။ တို့နိုင်ငံဟာပထဝီအနေအထားအရ အရေးပါတဲ့နေရာမှာတည်ရှိနေတာကြောင့် ခေတ်သစ်ကိုလိုနီဝါဒအရ ၎င်းတို့ရဲ့အကျိုးစီးပွားကိုဆောင်ရွက်ပေးနိုင်မယ့် အစိုးရနဲ့ အဖွဲ့အစည်းတွေကို ပုံသဏ္ဌာန်မျိုးစုံနဲ့ထောက်ပံ့ကူညီမှုတွေပြုလုပ်လျက်ရှိတာ ပကတိဖြစ်ရပ်များကပြနေသလို ၎င်းတို့ရဲ့အလိုကိုလိုက်လျောခြင်းမရှိဘဲ နိုင်ငံတော်နဲ့နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုရှေးရှုကာကွယ်နေတဲ့အဖွဲ့အစည်းတွေကိုစည်းလုံးမှုပျက်ပြားပြီး အင်အားချည့်နဲ့အောင်ကြိုးပမ်းလုပ်ဆောင်လျက်ရှိတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးတာဝန်တွေကိုထမ်းဆောင်နေကြရတဲ့ ရဲဘော်တို့အနေနဲ့အချင်းချင်းစည်းလုံးညီညွတ်နေဖို့လိုအပ်သလို တပ်ဖွဲ့အချင်းချင်းကြားမှာလည်း စည်းလုံးညီညွတ်နေဖို့လိုအပ်တယ်။ တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှာရှိတဲ့ ခေါင်းဆောင်တွေအနေနဲ့ ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့လိုအပ်တယ်။ ဒီလိုကျစ်လျစ်ခိုင်မာတဲ့တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှသာ ပေးအပ်လာမယ့်အမိန့်နှင့်တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်မှာပဲဖြစ်တယ်။

**ရဲဘော်တို့**

မျက်မှောက်ကာလမှာ သတင်း၊နည်းပညာနဲ့ ဆက်သွယ်ရေးကွန်ရက်စနစ်တွေလျင်မြန်စွာဖွံ့ဖြိုးလာတာနဲ့အတူ လူမှုကွန်ရက်တွေကို တလွဲအသုံးချမှုတွေများပြားလာလျက်ရှိတယ်။ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနဲ့ အဖွဲ့အစည်းတွေဟာ လူမှုကွန်ရက်ကိုအသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျစေရန်၊ ပြည်သူလူထုယုံကြည်မှုပျက်ပြားစေရန်နဲ့ အထင်အမြင်လွဲမှားစေရန် ထိုးနှက်တိုက်ခိုက်မှုတွေပြုလုပ်လျက်ရှိတယ်။ ဒါကြောင့် တို့တပ်မတော်သားများအပါအဝင် နိုင်ငံသားအားလုံးအနေနဲ့အခြေအမြစ်မရှိတဲ့ပြောဆိုရေးသားမှုတွေကို အသိ၊ သတိတွေနဲ့ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ဖို့လိုအပ်တယ်။ တပ်မတော်နဲ့ပြည်သူအကြားမှာ စည်းလုံးညီညွတ်မှုခိုင်မာမှုသာလျှင် တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းတွေကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ရဲဘော်တို့အနေနဲ့ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားကြဖို့မှာကြားလိုတယ်။ တပ်မတော်သားတွေအနေနဲ့ တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာမှာ စစ်သည်တော်ကျင့်ဝတ်နဲ့အညီနေထိုင်ကျင့်ကြံပြီး တာဝန်ကျရာနယ်မြေဒေသအသီးသီးမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို စိတ်ရင်းစေတနာမှန်နဲ့ ဆောင်ရွက်ပေးကြရမှာပဲဖြစ်တယ်။

**ရဲဘော်တို့**

ယနေ့ကမ္ဘာပေါ်ရှိ နေရာအနှံ့အပြားမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခများကိုကြည့်ရင် ယခင်က အဏုမြူလက်နက်၊ သမားရိုးကျလက်နက်များနဲ့ ခြိမ်းခြောက်တဲ့အခြေအနေကနေ ယခုအခါမှာ နည်းပညာအသုံးပြုစစ်ပွဲသဏ္ဌာန်တွေ၊ အင်အားကြီးသူက အုပ်စုဖွဲ့ပြီးအင်အားနည်းသူအပေါ်မှာ အနိုင်ကျင့်လာကြတာတွေ၊ အင်အားနည်းတဲ့နိုင်ငံတွေကို ကြားခံထားပြီး အဲဒီနိုင်ငံတွေရဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံတွေကို နည်းမျိုးစုံနဲ့ ထိန်းချုပ်ဖို့ကြိုးစားတာတွေတွေ့ရမယ်။ ဒါကြောင့် နည်းပညာအခြေပြုခေတ်မီတပ်မတော်ဖြစ်ရေးကို လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုတဲ့ဆောင်ပုဒ်အတိုင်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ဒီမိုကရေစီအမည်ခံပြည်တွင်းအဖျက်သမားတွေနဲ့ ပြည်ပလက်ဝေခံအကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ဖျက်ချေမှုန်းရင်း (၇၉)နှစ်မြောက်တပ်မတော်နေ့ဦးတည်ချက်တွေဖြစ်တဲ့

- ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့်တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည် (၃)ရပ်တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။
- နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ဆိုတဲ့ဦးတည်ချက်များနဲ့အညီ ဆက်လက်ဆောင်ရွက်သွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်တယ်။

**တပ်မတော်နဲ့ ပြည်သူအကြားမှာ စည်းလုံးညီညွတ်မှုခိုင်မာမှုသာလျှင် တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းတွေကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ရဲဘော်တို့အနေနဲ့ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားကြဖို့မှာကြားလို . . .**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်၍ ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော် ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး စံပြတပ်ခွဲ ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲကို ဒိုင်းဆုနှင့်ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အထူးတပ်ဖွဲ့စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ လေအိတ်ပလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျစစ်ကြောင်း(အမျိုးသမီး)အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့ကိုလည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသည့် အနော်ရထာစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်းအလံအဖွဲ့၊ တပ်မတော်(ကြည်း၊ရေ၊လေ)(အမျိုးသမီး)တပ်ခွဲ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၃)၊စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ကိုလည်းကောင်း ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား) တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ (၃)၊ တပ်မတော်(ကြည်း၊ရေ၊လေ)(အမျိုးသမီး)တပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသည့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား) တပ်ခွဲ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၄)၊ တပ်မတော်(ကြည်း၊ရေ၊လေ)(အမျိုးသမီး)တပ်ခွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်း ပထမဆုရရှိသည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ကိုဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပျံသန်းအဖွဲ့ ဂုဏ်ပြုဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပျံသန်းအဖွဲ့၊ စံပြတပ်ခွဲ တတိယဆုရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စံပြတပ်ခွဲ ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲများကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနားများသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂုဏ်ပြုပန်းခြင်းချ အလေးပြု

**နေပြည်တော် မတ် ၂၇**

ယနေ့တွင်ကျရောက်သည့်(၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနားများသို့ တက်ရောက်ရန် ရောက်ရှိနေသည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်၍ ဂုဏ်ပြုပန်းခြင်းချပြီး သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။

ဦးစွာ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများသည် သူရဲကောင်းဗိမာန်အတွင်း နေရာယူကြပြီး သူရဲကောင်းစစ်သည်များအား ဂုဏ်ပြုပန်းခြင်းချကာအလေးပြုကြသည်။ ထို့နောက် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားစစ်သံမှူးများ ကိုယ်စားအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံစစ်သံမှူးက ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်စစ်သံမှူးများနှင့် အဖွဲ့ဝင်များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဗိမာန်အတွင်းလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနားများသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။




**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော် ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါး ရုပ်တုတို့ကို အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ် ၂၈ ရက်မှ ၃၁ ရက်ထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံစနစ်ခွဲရေးကော်မတီ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ လာရောက်ဖူးမြော်ကြည်ညို





**နေပြည်တော် မတ် ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးColonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သီးခြားစီလာရောက်ဖူးမြော်ကြည်ညိုကြသည်။


ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည့် ဗီဒီယိုမှတ်တမ်းများကို ဘုရားဖူးအဖွဲ့လိုက်သီးခြားစီရှင်းလင်းပြသကြသည်။

ထို့နောက် ဘုရားဖူးအဖွဲ့များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဝန္ဓကုဋ္ဌိတိုက်များ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexan- der Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါတယ် -

**Colonel General Alexander FOMIN ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး**


"ကျွန်တော်မြန်မာနိုင်ငံကို အရမ်းချစ်တဲ့အကြောင်းပြောချင်ပါတယ်။ကျွန်တော် အနေနဲ့ မြန်မာနိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်ပြီး လုပ်ကိုင်နေတာ ၂၀၀၅ခုနှစ်ကတည်းက ဖြစ်ပြီး မြန်မာနိုင်ငံမှာ မိတ်ဆွေညီအစ်ကိုတွေများစွာ ရရှိခဲ့ပြီးလည်းဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်အကြီးအကဲ အပါအဝင် တပ်မတော်ဘက်၊ အရပ်ဘက်အကြီးအကဲများနဲ့လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အခုလက်ရှိရောက်ရှိနေတဲ့




မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ရဲ့ စီမံကိန်းဟာ ဆိုရင်အရမ်းကိုကြီးမားတဲ့ စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ အခုလိုမျိုး ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်နိုင်တာဟာ အရမ်းကို အောင်မြင်မှုတစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားကိုကိုယ်စားပြုတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို တည်ထားကိုးကွယ်နိုင်တယ်ဆိုတာမျိုးက တကယ်ကိုသာသနာပြုမင်းကောင်းမင်းမြတ်တွေမှဆောင်ရွက်နိုင်တဲ့ ကုသိုလ်ကောင်းမှုတစ်ခုဖြစ်ပါတယ်။ ပြည်သူလူထုကလည်း ဗုဒ္ဓဘာသာကိုယုံကြည်ကြသလို အရမ်းကိုကြိုးစားကြတဲ့ ပြည်သူတွေဖြစ်လို့ ဒီလိုမျိုးအောင်မြင်စွာ ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ကျွန်တော်အနေနဲ့မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းနိုင်တာကိုလည်း တကယ့်ကို တွေ့မြင်သဘောကျနှစ်ခြိုက်မိပါတယ်။ အခုလိုမျိုး မာရဝိဇယဘုရားကြီး အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက်ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တာဟာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ အောင်ပွဲတင် မဟုတ်ဘဲ တစ်ကမ္ဘာလုံးက ဗုဒ္ဓဘာသာဝင်အားလုံးရဲ့အောင်ပွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာဆိုရင်လည်း သမိုင်းကြောင်း အစဉ်အလာခိုင်မာတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။အခုလိုမျိုးသမိုင်းသစ် မှတ်ကျောက်တင်တဲ့ မာရဝိဇယဘုရားကြီးလို စီမံကိန်းတွေတည်ဆောက်တဲ့နေရာမှာ ပါဝင်ခဲ့ကြတဲ့ပညာရှင်တွေအနေနဲ့လည်း ရုရှားနိုင်ငံက အဆင့်မြင့်ပညာတက္ကသိုလ် ကျောင်းဆင်းတွေဖြစ်တယ်ဆိုတာသိရပါတယ်။ကျွန်တော်တို့ရဲ့အဆင့်မြင့် ပညာတက္ကသိုလ် ကျောင်းဆင်း အရာရှိတွေက ကမ္ဘာ့အမွေအနှစ်တစ်ခုကို တည်ဆောက်ပေးနိုင်ခဲ့တယ်ဆိုတာ သိရတဲ့အတွက် အရမ်းကို ဂုဏ်ယူပါတယ်။"

**Lama Bair TSYMPILOV မော်စကို ဗုဒ္ဓဘာသာအသင်းတော် ဥက္ကဋ္ဌ ဆရာတော်**


"အခုလိုမျိုးဒီနေ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံကလာရောက်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို မာရဝိဇယဘုရားကြီးကို ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးတဲ့အတွက် ဘုန်းဘုန်းအနေနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။ အခုလိုမျိုး ကြီးကျယ်ခမ်းနားလှတဲ့ ဗုဒ္ဓဥယျာဉ်တော်ကြီးကို လာရောက်ဖူးမြော်ရတဲ့အချိန်မှာ အရမ်းကိုဝမ်းသာပီတိဖြစ်မိပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံက ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူတွေအားလုံးရဲ့ကိုယ်စားလည်း ဒီလိုမျိုးလာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြောလိုပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာဆိုရင် ကမ္ဘာမှာအကြီးမားဆုံးသော ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်တယ်ဆိုတာ သိရှိရပါတယ်။ ထို့ပြင် ဥယျာဉ်တော်ကြီးရဲ့ ကြီးမားခမ်းနားမှုဟာဆိုရင် သံလိုက်တစ်ခုပမာ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတဲ့လူတွေအားလုံးကို ဆွဲငင်နေတာလည်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတဲ့သူတွေအနေနဲ့ ဘုရားကြီးကိုလာရောက်ဖူးမြော်ရင်း တရားဓမ္မတွေ အားထုတ်နိုင်မှာဖြစ်ပါတယ်။ အခုလိုဗုဒ္ဓရုပ်ပွားတော်ကြီးကို အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်တဲ့ နိုင်ငံသူနိုင်ငံသား အားလုံးကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ကိုလည်း ဘုန်းဘုန်းအနေနဲ့ပြောကြားလိုပါ



တယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး သာယာ ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဘုန်းဘုန်း အနေနဲ့ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။"

**Mr.Pavel GUSEV ရုရှားကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေး ကောင်စီဥက္ကဋ္ဌ**

"ကမ္ဘာပေါ်မှာနိုင်ငံပေါင်းများစွာမှီတင်းနေထိုင်ကြတဲ့အခါ လူမျိုးစုတွေရဲ့ကြီးကျယ်ခမ်းနားမှုကို သူတို့ရဲ့ယဉ်ကျေးမှုနဲ့ ဖော်ပြလေ့ရှိပါတယ်။ ဒီယဉ်ကျေးမှုကိုထိန်းသိမ်းနိုင်စွမ်း၊ ပြန့်ပွားအောင် လုပ်နိုင်စွမ်းက အဲ့ဒီလူမျိုးစုရဲ့ ကြီးကျယ်ခမ်းနားမှုကို ဖော်ပြပါတယ်။ကျွန်တော်အခုရောက်ရှိနေတဲ့ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ဟာဆိုရင် သာသနာ့အမွေအနှစ်တစ်ခုအဖြစ် တည်ဆောက်ထားတဲ့အတွက် မြန်မာလူမျိုးတွေရဲ့ ကြီးကျယ်ခမ်းနားမှုကိုဖော်ပြတဲ့ ပြယုဂ် တစ်ခုလည်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့တိုးတက်မှုကို ဖော်ပြနေတာလည်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာဆိုရင် ခေတ်မီမြို့ပြကြီးတွေတည်ဆောက်ထားမှ တိုးတက်တာမဟုတ်ပါဘူး။ အခုလိုမျိုးယဉ်ကျေးမှုကိုထိန်းသိမ်းပြန့်ပွားစေတဲ့ သာသနိက အဆောက်အအုံတွေကို ကြီးကျယ်ခမ်းနားစွာဆောက်လုပ်နိုင်ခြင်းဟာလည်း နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယခုလိုမျိုး သာသနာတော်ကိုထိန်းသိမ်းစောင့်ရှောက်ပြီး ယဉ်ကျေးမှုနဲ့ သာသနာတော်ကို ဆောင်ရွက်နေတဲ့



မင်းကောင်းမင်းမြတ်ဦးဆောင်တဲ့အချိန်မှာ နိုင်ငံဟာလည်း သိသိသာသာဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရပါတယ်။ ဆက်လက်ပြီး မြန်မာနိုင်ငံကြီးသာယာဝပြောဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။"

# ငြိမ်းချမ်းလှပပါစေ ကျိန်းတောင်ခြေ ရာမောင်မြစ်ကမ်းမှ မင်းပြားမြေ

**သိဃ်သူ**



မင်းပြားမြို့၌ အားအလွန့်အလွန်ကောင်းသောမိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် မုန်တိုင်းရှောင်ဒေသခံပြည်သူများအား တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



မင်းပြားမြို့နယ် ချော်ချောင်းကျေးရွာ သောက်သုံးရေကန် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။







မိုခါမုန်တိုင်းကြောင့် ရွှေကျန်ကျေးလက်ဌာနခွဲ ပျက်စီးမှု၊ ပြုပြင်ဆဲနှင့် ပြုပြင်ပြီးနောက် တွေ့ရစဉ်။

**မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်။**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Extremely Severe Cyclonic Strom) "မိုခါ" က ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၊ ယင်းနှင့်ဆက်စပ်နေသည့် ကပ္ပလီပင်လယ်ပြင်တို့မှ နေ၍ မကြုံစဖူးကြီးမားပြင်းထန်လှသော အင်အားဖြင့် မြန်မာနိုင်ငံကို ခြိမ်းခြောက်နေချိန်။ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကိုနေပြည်တော်ရှိကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမ၌ကျင်းပခဲ့သည်။ မုန်တိုင်းမကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့်အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိုယ်စီလုပ်ငန်းတာဝန်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျင်းပပြုလုပ်သည့် အဆိုပါအရေးပေါ်အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲက ၅၂ဆောင်းပါး အစတွင် ဖော်ပြခဲ့သည့်အတိုင်း အမှာအကြားပြုခဲ့သည့်အပြင် "ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်ရေး မိမိကိုယ်တိုင်မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း"ကိုလည်းပြောကြားခဲ့သည်။

ရာစုနှစ်များအတွင်း အကြီးမားဆုံးဖြစ်နိုင်သည့် သဘာဝဘေးအန္တရာယ်ကြီးကျရောက်လာနိုင်သည့်အခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကလည်း အချိန်နှင့်တစ်ပြေးညီလုပ်ငန်းပမာဏ ကြီးကြီးမားမားကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ရှိခဲ့ရာ ၎င်းမျှဆောင်ရွက်မှုမျိုး ယခင်ကာလတစ်လျှောက်မရှိဘူးခဲ့။ မုန်တိုင်းအန္တရာယ်အသိပေးနှိုးဆော်ခြင်း၊ ပြည်သူလူထုကိုပညာပေးခြင်း၊ ဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသများမှ ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းကိရိယာများ၊ စားရေရိက္ခာများ အသင့်စုဖွဲ့ထားရှိခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းစသည်တို့ကို မုန်တိုင်းမဝင်မီရက်သတ္တတစ်ပတ်ကျော်ကာလကပင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ကြရာ နိုင်ငံပိုင်မီဒီယာများတွင် အဆိုပါသတင်းများကသာ နေရာများစွာယူထားခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre -DMC) ကို ၂၀၂၃ ခုနှစ် မေလ ၈ ရက်တွင်စတင်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်း၍ မုန်တိုင်းမဝင်မီကာလ ရှေ့ပြေးကူညီကယ်ဆယ်ရေးလုပ်ငန်းများအဖြစ် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ ဆေးဝါးနှင့် စားရေရိက္ခာများ ကြိုတင်ပို့ဆောင်ထားနှင့်ခဲ့ပြီးဖြစ်သည်။

## ရခိုင်ပြည်နယ်အားပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားရန်

မိုခါသည် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ်နှင့် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်တွင် ရခိုင်ကမ်းရိုးတန်းကို ပြည်နယ်၏မြို့တော်ဖြစ်သော စစ်တွေအနီးမှ ဖြတ်ကျော်ဝင်ရောက်ရာတွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းအထိ အင်အားကြီးမားခဲ့သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် အဓိကအားဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ မုန်တိုင်းဝင်ရောက်ပြီး နောက်တစ်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာလိုက်သည်။ မုန်တိုင်းပြီးစ ထိုနေ့တွင်ပင် မုန်တိုင်းဒဏ်ကို အဓိကခံရပြီး ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်သည့် စစ်တွေမြို့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များရောက်ရှိပြီး အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားရာတွင် ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မိုခါမုန်တိုင်း၏ ကြီးမားသောအင်အားကြောင့် ပျက်စီးဆုံးရှုံးမှုနှင့်ထိခိုက်သေဆုံးမှုတို့ လွန်စွာများပြားမည်ဖြစ်ကြောင်း နိုင်ငံတကာက ခန့်မှန်းသုံးသပ်မှုများရှိခဲ့ရာ ပြည်တွင်း၌ ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်မှုကြောင့် မုန်တိုင်း၏ပမာဏနှင့် နှိုင်းယှဉ်ပါက ထိခိုက်ဆုံးရှုံးမှုများစွာနည်းပါးခဲ့သည်။ မုန်တိုင်းကြောင့် လူဦးရေ ၂ ဒသမ ၉ သန်းခန့် ဘေးသင့်ခဲ့ရာတွင် ၁၅၆ ဦး အသက်ဆုံးရှုံးခဲ့သည့်အနက် ရခိုင်ပြည်နယ်မှ ၁၄၈ ဦးဖြင့် အများဆုံးဖြစ်သည်။ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွင်လည်း ရခိုင်ပြည်နယ်က ၉၇ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် ပမာဏအများဆုံးဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၅၂၂ ဒသမ ၀၀၂ ဘီလီယံ ဖြစ်သည်။

မုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်ရှိ မြို့နယ်လေးမြို့နယ်၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၄ မြို့နယ်တို့တွင် တစ်မြို့နယ်လျှင် တပ်မတော်အရာရှိကြီးတစ်ဦးကျစီ တာဝန်ပေးအပ်ခဲ့ပြီး အဆိုပါအရာရှိကြီးများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့အား တာဝန်ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် မုန်တိုင်းဒဏ်သင့်မြို့နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေများကိုလေ့လာပါက ပြည်နယ်မြောက်ပိုင်းမြို့နယ်များဖြစ်သည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် ကျောက်တော်တို့မှာ ပျက်စီးဆုံးရှုံးမှုများပြားကြသည်။ မုန်တိုင်းစတင်ဝင်ရောက်ခဲ့သည့် စစ်တွေမြို့သည် ပျက်စီးဆုံးရှုံးမှုအများဆုံး၊ တန်ဖိုးအားဖြင့် ငွေကျပ် ၂၂၃ ဘီလီယံခန့်ဆုံးရှုံးခဲ့ရာ ပြည်နယ်တစ်ခုလုံး ပျက်စီးဆုံးရှုံးမှုပမာဏ၏ ၄၃ ရာခိုင်နှုန်းအထိရှိခဲ့သည်။ ဒုတိယအများဆုံးမှာ ရသေ့တောင်မြို့ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၇၀ ဘီလီယံခန့် ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်းခန့်၊ တတိယအများဆုံးမှာ ပုဏ္ဏားကျွန်းမြို့နယ်ဖြစ်ပြီး တန်ဖိုးအားဖြင့် ၆၁ ဘီလီယံခန့် ရာခိုင်နှုန်းအားဖြင့် ၁၂ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ ရခိုင်ပြည်နယ် တောင်ပိုင်းမြို့နယ်များမှာ ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့ပြီး ဂွ၊ တောင်ကုတ်၊ မာန်အောင်၊ အမ်း၊ ရမ်းဗြဲ၊ သံတွဲမြို့နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်း ၂၀၀ ကျော်နှင့် အောက်တွင်သာရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြီးကြပ် ကူညီဆောင်ရွက်ကြမည့်

စာမျက်နှာ ၂၅ သို့

**စာမျက်နှာ ၂၄ မှအဆက်**

တပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ၂၀၂၃ ခုနှစ် မေလ ၁၉ ရက်၌ တွေ့ဆုံမှာကြားရာတွင် တပ်မတော်အရာရှိကြီးများ တာဝန်ကျရာမြို့နယ်များသို့ရောက်ရှိပါက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများဦးစားပေးရှင်းလင်းပြီး လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်ရေသန့်ရရှိရေး၊ အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီပြုပြင်ပေးနိုင်ရေး၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများကို ဦးစားပေးပြုပြင်နိုင်ရေး၊ နိုင်ငံတော်မှပေးပို့နေသည့် ရိက္ခာ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်ခံခဲ့ရသောပြည်သူများထံသို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ဖြန့်ဝေထောက်ပံ့ရေး၊ စာရင်းဇယားများမှန်ကန်မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် အခြားအရေးတကြီးဆောင်ရွက်ပေးရန်များရှိပါကလည်း အချိန်နှင့်တစ်ပြေးညီတင်ပြကြရန် မှာကြားခဲ့သည်။ အဆိုပါ တပ်မတော်အရာရှိကြီးများမှာ သက်ဆိုင်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြန်လည်ထူထောင်ရေး၊ စားရေရိက္ခာထောက်ပံ့ရေးများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**ပျက်စီးဆုံးရှုံးမှုတန်ဖိုး အဆင့် (၈) တွင်ရှိသောမြို့**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင်ပါဝင်သော မင်းပြားမြို့သည် စစ်တွေမြို့၏အရှေ့မြောက်ဘက် ၃၈ မိုင်အကွာတွင်တည်ရှိပြီး မြို့နယ်တစ်ခုလုံး၏အကျယ်အဝန်းမှာ ၁၆၂၃ စတုရန်းမိုင်ကျယ်ဝန်း၍ ကျေးရွာပေါင်း ၁၃၆ ရွာပါဝင်သည်။ မြေဩဇာကောင်းမွန်ထက်သန်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းပြီး မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြရာလယ်ယာသားငါးသည် ဒေသ၏အဓိကစီးပွားရေးဖြစ်သည်။ ချင်းပြည်နယ် မတူပီမြို့နယ်ရှိ နာမည်ကျော် ဘုံတလာရေတံခွန်မှ စတင်မြစ်ဖျားခံသည့် လေးမြို့မြစ်ခေါ် ရာမောင်မြစ်သည် မင်းပြားမြို့အရှေ့ဘက်မှဖြတ်သန်းကာ ကုလားတန်မြစ်အတွင်းသို့ စီးဝင်သွားသည်။ မြို့၏အနောက်ဘက်တွင် ရိုးမတောင်စွယ်ဖြစ်သည့် ကျိန်းတောင်တည်ရှိနေရာ တည်နေရာ အနေအထားအရ လေကွယ်ရာတွင် ကျရောက်နေသဖြင့် မုန်တိုင်းဒဏ်မှ အတန်ငယ် သက်သာရာရခဲ့သည်ဟုဆိုနိုင်သည်။ **ရခိုင်ပြည်နယ်၏ မြို့နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေပြဇယားတွင် မင်းပြားသည် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၃၉၆၈ ဒသမ ၂၀၀ ဖြင့် အဆင့် (၈) တွင်ရှိနေခဲ့သည်ကို တွေ့ရသည်။**

စာရင်းဇယားများအရ မင်းပြားမြို့နယ်တွင် မုန်တိုင်းဘေးသင့် အိမ်ထောင်စုပေါင်း ၄၇၅၃၁ မှ လူဦးရေ ၂၃၉၅၂၇ ဦးရှိရာ ဘေးလွတ်ရာသို့ ၁၄၅၄၄ ဦးကို ပြောင်းရွှေ့ပေးခဲ့ရသည်။ စာသင်ကျောင်း ၁၄၇ ကျောင်း ပျက်စီးခဲ့ပြီး ကျေးလက်ကျန်းမာရေးနှင့် ဆေးရုံဆေးခန်းစုစုပေါင်း ၁၆ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ လူသေဆုံးမှုမရှိခဲ့ဘဲ မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ သေဆုံးမှု စုစုပေါင်း ၃၇၃၅ ကောင်ရှိခဲ့ရာ ၃၀၀၀ ကျော်မှာ ကြက်များဖြစ်သည်။ လူနေအဆောက်အအုံ ၁၀၁၃၈ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပြီး ၂၅၇၃ မှာ လုံးဝပျက်စီးခဲ့သည်။ တဲအိမ်ပေါင်း ၅၉၉၈၊ ဌာနဆိုင်ရာရုံး ၁၆ ရုံးတို့လည်း ပျက်စီးခဲ့သည်။ ဘုန်းတော်ကြီးကျောင်း ၁၅၈ ကျောင်း၊ သာသနိကအဆောက်အအုံ လေးခု၊ ရေအရင်းအမြစ် အခြေခံအဆောက်အဦဖြစ်သည့် တာတမံ ၂၀၅၂၅ ပေနှင့် ရေကန် ၃၃ ကန်၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်တိုင် ၉၂ တိုင်၊ စက်လှေတစ်စင်း၊ ပုစွန်ကန်ဧက ၄၆၁၇ ဒသမ ၈၉ ဧကတို့အပါအဝင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၃၉၆၈ ဒသမ ၂၀ ရှိခဲ့သည်။

မင်းပြားတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲကူညီဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခံရသူမှာ ဗိုလ်မှူးချုပ်ခင်ဇော်ဖြစ်သည်။ မာန်အောင်ကျွန်းဇာတိ ရခိုင်လူမျိုးဖြစ်ပြီး မင်းပြားအနီးနယ်မြေခံတပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရာ ဒေသခံများနှင့်မစိမ်းသူလည်းဖြစ်သည်။ မုန်တိုင်းဒဏ်ခံရသည့် မင်းပြားမြို့သန့်ရှင်းသာယာလှပရေးအတွက် အလဲလဲအပြိုပြိုဖြစ်နေသည့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အပျက်အစီးများ၊ အမှိုက်များ၊ လမ်းများ၊ ခြံစည်းရိုးများ၊ ရေမြောင်းများရှင်းလင်းခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြရာသို့ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခြင်း၊ အထက (၂)ကျောင်းခေါင်မိုးပျက်စီးမှု ကြည့်ရှုစစ်ဆေးခြင်းတို့ကို မေလ ၂၀ ရက်တွင် ဆောင်ရွက်ခဲ့သည်။

"မုန်တိုင်းတိုက်ပြီး နှစ်ရက်သုံးရက်လောက်ကြာတော့ မင်းပြားကိုရောက်တယ်။ မင်းပြားက စစ်တွေ၊ ရသေ့တောင်လောက်တော့ မပျက်စီးဘူး။ မြို့ထဲက ရာမောင်ခန်းမတို့၊ အထက (၁)၊ (၂)၊ (၃) တို့ ပျက်တယ်။ ဘုန်းကြီးကျောင်းတွေပျက်တယ်။ မြို့ပေါ်ကအိမ်ခြေတအားကြီးပျက်စီးတာတော့မရှိဘူး။ ဒါက ကျွန်တော်တို့ရောက်စမြင်ရတဲ့အနေအထားပေါ့"ဟု ဗိုလ်မှူးချုပ်ခင်ဇော် (ငြိမ်း)က ပြန်လည်ပြောပြသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် လုပ်စရာကိုင်စရာများကဏ္ဍအလိုက် ကြီးမားကျယ်ပြန့်စွာ ဆောင်ရွက်နေကြရခြင်းဖြစ်သည်။ **သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသန့်စင်ကားဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပေးရသလို အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များကလည်း ရေကန်များတွင် ရေသန့်ဆေးခတ်၊ ကလိုရင်းခတ်ကြရသည်။ သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် ဥက္ကာပျံ့ရပ်ကွက်အတွင်း ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်း လုပ်ကြရသည်။**

၂၀၂၃ ခုနှစ် မေလ ၂၃ ရက်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၂) မှ အထူးကုဆရာဝန်ကြီးများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မင်းပြားမြို့တွင် အခြေပြုကာ ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ရာ ခွဲစိတ်လူနာ ၁၈ ဦး၊ အထွေထွေရောဂါလူနာ ၂၇ ဦး၊ အရိုးရောဂါလူနာ ၂၂ ဦး၊ ကလေးလူနာ ငါးဦး စုစုပေါင်း ၇၂ ဦးတို့ကို လိုအပ်သောဆေးဝါးကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။ မေလ ၂၄ ရက်တွင် ဦးဥတ္တမပန်းခြံနှင့် အထက(၂) တို့ကို မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြပြီး ဇေယျသုခပရိယတ္တိစာသင်တိုက်အတွင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသမှုများပြုလုပ်ပေးကြသည်။ ကျေးရွာအချို့တွင် မြေသားရေစုကန်များမှ ကန်ရေကိုသုံးစွဲနေကြရခြင်းကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိရန် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆိုလာစနစ်သုံးရွှေ့လျားရေသန့်စက်များဖြင့် သန့်စင်ဖြန့်ဝေပေးခဲ့ရပြီး Life Straw ခေါ် ရေနောက်မှရေကြည်ရအောင်သန့်စင်ပေးသောစက်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

မင်းပြားမြို့ပေါ်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းတို့တွင် မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ခြင်း၊ ပြည်နယ်အစိုးရအဖွဲ့က ပေးပို့သော ဆန်နှင့် စားသောက်ဖွယ်ရာများ သယ်ဆောင်လာသည့် ကုလားတန် ၆ ရေယာဉ်မှပစ္စည်းများကိုနယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သယ်ယူခြင်းတို့ကို မေလ ၂၅ ရက်တွင် ဆောင်ရွက်ကြသည်။ "တပ်၊ ရဲ ရှိတဲ့အင်အားနဲ့ပဲ ကယ်ဆယ်ရေးပစ္စည်းတွေကို သယ်ယူကြတယ်။ တစ်ခါတစ်ခါသယ်ရင် ဆန်အိတ်က ထောင်ချီပြီး နေ့တိုင်းဆိုတော့ မနိုင်တော့ဘူး။ လူငှားလုပ်ရတယ်။ မင်းပြားမှာ ထူးခြားတာက ရေမြောင်းတွေပိတ်ပြီး ရေလျှံတာ။ အထက်တန်းကျောင်းတွေမှာ မိုးရွာရင် ခြေသလုံးလောက်အထိ ကျောင်းဝင်းထဲရေဝင်တယ်။ စည်ပင်ရေမြောင်းတွေမှာ အမှိုက်တွေပိတ်ဆို့တာ၊ ဆိုင်တွေ အဆောက်အအုံတွေကို မြောင်းပေါ်မှာ တင်ဆောက်လို့ ရေစီးရေလာပိတ်ဆို့တာတွေဖြစ်တယ်။ ချောင်ကြိုချောင်ကြားထဲအထိ ကျွန်တော်ကိုယ်တိုင်လိုက်ကြည့်စစ်ဆေးပြီး မြို့ရေစီးရေလာကောင်းအောင် မြို့မိမြို့ဖတွေနဲ့ ပေါင်းပြီးလုပ်ခဲ့ရတယ်။ တပ်ကဘက်ဟိုး အသေးလေးတစ်စီးနဲ့ တစ်လလောက်ကြာအောင်ရှင်းလိုက်တာ တော်တော်လေးအဆင်ပြေသွားတယ်"ဟု ဗိုလ်မှူးချုပ်ခင်ဇော်( ငြိမ်း) က ပြန်လည်ပြောပြသည်။

မင်းပြားမြို့ ပြန်လည်ထူထောင်ရေးတွင် ကျောင်းဖွင့်ချိန်အမီ ကျောင်းများဖွင့်လှစ်နိုင်ရေးကလည်း အရေးကြီးသည်။ သင်ကြားရန်အခက်အခဲရှိနေသည့် အမက ကျောင်းငါးကျောင်း၊ အမက(ခွဲ) တစ်ကျောင်း၊ မူလတန်း(လွန်) ကျောင်းတစ်ကျောင်း စုစုပေါင်း ခုနစ်ကျောင်းတို့အတွက် လိုအပ်သည့်ယာယီစာသင်ဆောင်များဆောက်လုပ်သင်ကြားနိုင်ရေး၊ ဆောက်လုပ်ရေးအဖွဲ့များအား မူလစာသင်ကျောင်းနေရာတွင် အခက်အခဲဖြစ်နေသည့်စာသင်ကျောင်းများကို ဦးစားပေးပြုပြင်ဆောက်လုပ်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဒေသခံပြည်သူများထံ နိုင်ငံတော်က ထောက်ပံ့သည့် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်စက်များ၊ သောက်ရေသန့်များ၊ တာပေါ်လင်၊ သွပ်နှင့် ဆေးစိမ်ခြင်ထောင်များ ကွင်းဆင်းထောက်ပံ့ခြင်းတို့ကို တစ်ရက်ပြီးတစ်ရက် ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမြို့များ ဓာတ်အားအမြန်ဆုံးရရှိရေး ဆောင်ရွက်ရာတွင် မင်းပြားမြို့နယ်အတွင်း ရပ်ကွက်ကိုးခုနှင့် ကျေးရွာ ၃၉ ရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၄၇ ဒသမ ၉၅ မိုင်ရှိသည့် အနက် ၃၀ ရာခိုင်နှုန်းခန့်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၅၉ ဒသမ ၇၅ မိုင်ရှိသည့်အနက် ၃၅ ရာခိုင်နှုန်းခန့်ပျက်စီးခဲ့ပြီး ဓာတ်အားခွဲရုံအဆောက်အအုံ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ၅၂ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ရာ ထိုနှစ် ဇွန်လ ပထမပတ်အတွင်း ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများနှင့် ပစ္စည်းအစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများ ၇၁ ရာခိုင်နှုန်းခန့်၊ မြို့ပေါ်ဖြန့်ဖြူးရေးလိုင်းများ ပြင်ဆင်ခြင်းရာခိုင်နှုန်းပြည့် ပြီးစီးခဲ့ပြီး ဇွန်လ ၃၀ ရက်တွင် မင်းပြားမြို့ပေါ်၌ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**မိုခါသည် အလွန်အလွန်အင်အားကြီးမားသည့် ဆိုင်ကလုန်းမုန်တိုင်းဖြစ်သော်လည်း နိုင်ငံတော်၏ကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကောင်းမွန်စွာရင်ဆိုင်ဖြတ်ကျော်နိုင်ခဲ့သည်။ နိုင်ငံတော်၏ ဘတ်ဂျက်၊ နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်များ၏ အလှူငွေများဖြင့် ပထမဦးစားပေးအနေဖြင့် ပြည်သူအားလုံး အမိုးအကာအောက် လုံခြုံစွာရောက်ရှိနေထိုင်နိုင်စေရန် စီမံခဲ့ပြီး ဒုတိယဦးစားပေးအနေဖြင့် မုန်တိုင်းမတိုင်မီ ကြိုတင်ကြေညာထားသည့်ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်နိုင်ရေးအတွက် အထက်တန်းကျောင်းများကို ဦးစားပေးပြင်ဆင်ခဲ့ကာ သတ်မှတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများကို အမိုးအကာအောက်လုံခြုံစွာဖြင့် ကျောင်းဖွင့်လှစ်နိုင်ခဲ့သည်။** ပြင်ဆင်ဆဲကျောင်းများအတွက်လည်း ယာယီအဆောက်အအုံများဖြင့် အမိုးအကာအောက်တွင်သင်ကြားနိုင်ရေး ပြုလုပ်ပေးနိုင်ခဲ့သည်။ တတိယဦးစားပေးအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် ဆေးရုံဆေးခန်းများ ပြင်ဆင်ပေးခဲ့ပြီး မုန်တိုင်းအပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။

မိုခါမုန်တိုင်းအလွန်ကာလ ၂၀၂၃ ခုနှစ် ဇွန်လ ၂ ရက်အထိ ရခိုင်ပြည်နယ် ၁၇ မြို့နယ်၌ ကျောင်းအပ်နှံပြီးစီးမှုအခြေအနေမှာ အထက်တန်း ၄၇၇၈၃ ဦး၊ အလယ်တန်း ၉၄၉၇၄ ဦး၊ မူလတန်း ၂၉၄၄၉၆ ဦး၊ စုစုပေါင်း ၄၃၇၂၅၃ ဦး ရှိခဲ့သည်။ ၁-၉-၂၀၂၃ ရက်တွင်ထုတ်ပြန်သောစာရင်းအရ ရခိုင်ပြည်နယ်အတွင်း အစိုးရကျောင်းများ၊ ပဋ္ဌလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများတွင် ကျောင်းအပ်နှံမှု စုစုပေါင်း ၅၇၃၄၅၂ ဦးရှိခဲ့ပြီး တက်ရောက်သူ ၅၆၉၇၀၂ ဦးရှိခဲ့ရာ တက်ရောက်ရာခိုင်နှုန်း ၉၉ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည်။ ပြန်လည်ထူထောင်မှုလုပ်ငန်းများတွင် ကြီးကြပ်ကွပ်ကဲပါဝင်ရန် ဗိုလ်မှူးချုပ်ခင်ဇော် တာဝန်ကျခဲ့သည့် မင်းပြားမြို့နယ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း စုစုပေါင်း ကျောင်းအပ်နှံမှု ၄၄၃၁၂ ဦးရှိခဲ့ပြီး ပျက်ကွက်သူမရှိ ရာခိုင်နှုန်းပြည့် ကျောင်းတက်ရောက်ခဲ့ကြကြောင်း တွေ့ရသည်။

ကြီးမားလှသည့် သဘာဝဘေးအန္တရာယ်ကြီးကို ကြိုတင်ပြင်ဆင်၍ ရင်ဆိုင်ကျော်လွှားခဲ့ကြခြင်း၊ ဘေးဒဏ်သင့်ထိခိုက်ပျက်စီးဆုံးရှုံးသွားသမျှအရာအားလုံးကိုပြန်လည်ရှင်းလင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းလုပ်ငန်းများမှာ ကဏ္ဍများစွာတွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများစွာတို့က တာဝန်ကိုယ်စီ၊ အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်နေကြခြင်းဖြစ်ရာ ဆောင်းပါးတစ်ပုဒ်မျှဖြင့် ဖော်ပြရန်မလွယ်။ မုန်တိုင်းဒဏ်သင့် မင်းပြားကို ပြန်လည်တည်ဆောက်ရာတွင် တာဝန်ခံတပ်မတော်အရာရှိကြီးအနေဖြင့် မြို့မိမြို့ဖများနှင့်တိုင်ပင်ကာ အမြင်မတင့်တယ်သည်များကိုလည်း ပြန်လည်ပြင်ဆင်ပေးခဲ့ကြောင်း မူကြို၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဆောက်အအုံ၊ သီလရှင်ကျောင်း စသည်တို့ကိုလည်း ငွေကြေး၊ ပစ္စည်းများသုံးစွဲ၍ ပြန်လည်ပြုပြင်ပေးခဲ့သည်ဟု သိရှိရသည်။

"မင်းပြားမြို့ရဲ့ ဆိပ်ခံတံတားက ကမ်းကိုရေတိုက်စားတော့ ပျက်စီးနေတယ်။ ဒုတိယဝန်ကြီးချုပ်လာတုန်းက မြို့ရဲ့လိုအပ်ချက်ကို တင်ပြတော့သွားကြည့်ပြီး ပြင်ပေးဖို့ အစီအစဉ်ရှိခဲ့တယ်။ ကျွန်တော်က မင်းပြားနားက တပ်မှာ တာဝန်ကျခဲ့ဖူးတော့ ဒီမြို့မှာတော်တော်များများက သိကြတယ်။ အခုလို ကိုယ့်ကို တာဝန်ပေးလို့ လုပ်လာရတဲ့အခါ ဒေသပိုကောင်းလာအောင် စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ကိုင်ခဲ့ပါတယ်။ တကယ်ဒုက္ခရောက်နေသူတွေဆီ လိုအပ်တာတွေ မှန်မှန်ကန်ကန်ရောက်အောင်လည်း လုပ်ပေးခဲ့တယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တာနဲ့ ပတ်သက်ပြီး ခြုံငုံပြောရရင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးအားလုံး ချောချောမောမော အေးအေးချမ်းချမ်း စိတ်ချမ်းချမ်းသာသာ အထစ်အငေါ့မရှိ ပြီးမြောက်ခဲ့ပါတယ်"ဟု ဗိုလ်မှူးချုပ်ခင်ဇော်(ငြိမ်း)က ပြောကြားခဲ့သည်။

မိုခါအလွန်တွင် အားအင်အသစ်ဖြင့် ပြန်လည်နိုးထလာနိုင်ရန် နိုင်ငံတော်နှင့် ပြည်သူတို့၏တွဲလက်များဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်ကျိန်းတောင်ခြေ ရာမောင်မြစ်ကမ်းမှ မြို့ကလေး၊ ပညာလိုလားသည့် ကလေးငယ်များ ရာနှုန်းပြည့်ပညာသင်ယူခဲ့ကြရာဒေသ၊ မြေဆီဩဇာ ထက်သန်မှုကြောင့် စပါးဆန်ရေကြွယ်ဝသည့် မင်းပြားမြေအမြန်ဆုံး ငြိမ်းချမ်းလှပပါစေကြောင်း။ ။

# တရုတ်နိုင်ငံနှင့်အပြိုင် တိုက်လေယာဉ်ထုတ်လုပ်နိုင်ရေး ရှုံးကန်နေရသောအမေရိကန်



အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် F-35 တိုက်လေယာဉ်များထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ မူလစီစဉ်ထားခြင်းထက် လေးနှစ်လောက်နောက်ကျပြီးနောက် စွမ်းအားပြည့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်လာသည်။ သဏ္ဍာန်တူစမ်းသပ်ပျံသန်းမှုများပူးတွဲလုပ်ဆောင်နိုင်မည့် နေရာအခက်အခဲကြောင့် တိုက်လေယာဉ်ထုတ်လုပ်မည့်လုပ်ငန်းစဉ်နှေးကွေးနေရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သွားသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် မေရီလန်းပြည်နယ်ရှိ ရေတပ်ဆိုင်ရာလေကြောင်းဌာန၌ သဏ္ဍာန်တူစမ်းသပ်ပျံသန်းမှုများလုပ်ဆောင်ခဲ့ရသည်။ စင်စစ်အားဖြင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန် လေတပ်၊ ရေတပ်၊ မရိန်းတပ်ဖွဲ့နှင့် နိုင်ငံခြားဝယ်လက်များအတွက် F-35 တိုက်လေယာဉ်အစင်းရေ ၁၀၀၀ တည်ဆောက်လျက်ရှိသည်။ F-35 များကို Tech Refresh-3 (TR-3) အစိတ်အပိုင်းများဖွဲ့စည်းတပ်ဆင်ပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကို ချက်ချင်းအပြီးသတ်လုပ်ဆောင်လျက်ရှိသည်။

TR-3 သည် F-35 များ၏အနာဂတ်စွမ်းဆောင်ရည်များကို ကျောထောက်နောက်ခံပြုထားပြီး Block 4 ဟုလည်းသိရှိထားသည်။ အနာဂတ် F-35 များသည် တိုးမြှင့်နိုင်သောစွမ်းအင်၊ မြင်ကွင်းကျယ်ဖန်သားပြင်များ၊ အဆင့်မြှင့်တင်ထားသောအအေးပေးစနစ်၊ အီလက်ထရိုအာရုံခံပစ်မှတ်ရှာစနစ် (EOTS)၊ ပုံရိပ်ဖော်စနစ် (DAS)၊ အီလက်ထရိုအာရုံခံစနစ်များနှင့် လက်နက်အထိုင်များပါရှိမည်ဖြစ်သည်။ အဆိုပါ အဆင့်မြှင့်တင်ဆောင်ရွက်မှုသည် F-35 ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းဖြစ်သော်လည်း အမေရိကန်စစ်ဘက်အနေဖြင့် Block 4 အဆင့်မြှင့်တင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုရှိနေသည့်အတွက် လေယာဉ်အသစ်များကိုလက်ခံခြင်း မရှိသေးပေ။

အလားတူ တရုတ်နိုင်ငံအနေဖြင့်လည်း အမေရိကန်ကဲ့သို့ပင် ကိုယ်ပျောက်တိုက်လေယာဉ်များ အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ Shenyang J-35 သည် Type 003 Fujian အပါအဝင် လက်ရှိနှင့်အနာဂတ်လေယာဉ်တင်သင်္ဘောများပေါ်၌ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ J-35 ၏ အောက်မျက်နှာပြင်၊ မြေပြင်ဆင်းသက်မှုဂီယာ၊ အခန်းဖွဲ့ပုံအပြင်အဆင်တို့သည် F-35C နှင့်ပုံစံတူညီလျက်ရှိသည်။

J-35 သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)၏အနာဂတ်တွင် တည်ဆောက်သွားမည့် လောက်လွှဲပျံသန်းမှုနှင့်ဖမ်းယူမှု (CATOBAR) စနစ်ပါရှိသောလေယာဉ်တင်သင်္ဘောများနှင့်ဆက်နွယ်လျက်ရှိသည်။ လျှောင်နင်းနှင့် ရှန်ဒေါင်းလေယာဉ်တင်သင်္ဘောများပေါ်မှ J-35 များ၏ ပုံမှန်တာဝန်ထမ်းဆောင်နိုင်စွမ်းရှိမှုသည် အကျိုးထူးများစွာရရှိစေမည်ဖြစ်သည်။ J-35 များအနေဖြင့် Fujian လေယာဉ်တင်သင်္ဘောရာနှုန်းပြည့်တည်ဆောက်မပြီးသေးမီ တန်ဖိုးမဖြတ်နိုင်သောအတွေ့အကြုံနှင့်ပျံသန်းချိန်နာရီများရရှိမည်ဖြစ်သည်။

အမေရိကန်အနေဖြင့် F-35 ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေးအတွက် အချိန်နှောင်းလျက်ရှိသည့်အပြင် ဘတ်ဂျက်ဖြတ်တောက်လျှော့ချခံရမှုများကြောင့် ၎င်း၏ထုတ်လုပ်မှုရည်မှန်းချက်ပန်းတိုင်ပြည့်မီနိုင်စွမ်းရှိ၊ မရှိမှာမူ မသေချာသေးပေ။ အမေရိကန်လေတပ်သည် လာမည့်ဘတ်ဂျက်တွင် ဖြတ်တောက်လျှော့ချမှုများရှိနိုင်သည့်အတွက် မူလစီစဉ်ထားသည့်အတိုင်း F-35 များ ဝယ်ယူနိုင်မည်မဟုတ်ချေ။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန (DOD)၏ ၂၀၂၅ ခုနှစ်အတွက် ဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ ၈၄၉ ဒသမ ၈ ဘီလီယံဖြစ်ပြီး အမေရိကန်ကွန်ကရက်သည် ကာကွယ်ရေးဘတ်ဂျက်အပေါ် ကန့်သတ်မှုရှိလာသည့်အတွက် မူလမျှော်မှန်းထားသည်ထက် ၁၀ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်။ ထို့ကြောင့် လာမည့်နှစ်တွင် F-35 ဂျက်တိုက်လေယာဉ်များဝယ်ယူမှုကို ၈၃ စင်းမှအစင်းရေ ၇၀ ထိလျှော့ချသွားရမည်ဖြစ်သည်။ အခြားတိုက်လေယာဉ်များအနေဖြင့်လည်း အမေရိကန်လေတပ်သည် F-15EX တိုက်လေယာဉ် ၂၄ စင်းအစား ၁၈ စင်းသာလက်ခံရရှိသွားမည်ဖြစ်ပြီး အလုံးစုံဖြတ်တောက်လျှော့ချမှုများကြောင့် မူလစီစဉ်ထားသည့် တိုက်လေယာဉ် ၁၀၇ စင်းမှ ၈၆ စင်းသာလျှင် လက်ခံရရှိတော့မည်ဖြစ်သည်။

သို့သော် တရုတ်နိုင်ငံအနေဖြင့်မူ ပဉ္စမမျိုးဆက်တိုက်လေယာဉ်အစီအစဉ်ကို တဖြည်းဖြည်းခြင်းတိုးတက်အကောင်အထည်ဖော်လျက်ရှိရာ J-20 သည် အထင်ကရဖြစ်သည့် စီမံကိန်းတစ်ခုပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ J-20 တိုက်လေယာဉ်များသည် လေကြောင်းပြပွဲများတွင် အုပ်စုဖွဲ့ပျံသန်းပြသပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် အမေရိကန်၏ပဉ္စမမျိုးဆက်တိုက်လေယာဉ်ထုတ်လုပ်မှုကို ကျော်တက်နိုင်ရန်ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး J-20 ကိုယ်ပျောက်လေယာဉ်အရေအတွက်သည် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန် F-22 ထုတ်လုပ်မှုကျော်လွန်လိမ့်မည်ဖြစ်သည်။

F-22 ထုတ်လုပ်မှုသည် ၂၀၁၁ ခုနှစ်တွင်ရပ်ဆိုင်းခဲ့ရသည်။ F-22 လေယာဉ်ကိုယ်ထည် ၁၈၇ စင်းသာလျှင် တည်ဆောက်နိုင်ခဲ့သည်။ သို့သော် တရုတ်နိုင်ငံသည် J-20 တိုက်လေယာဉ် အစင်းရေ ၂၀၀ ထိ ထုတ်လုပ်ထားပြီးဖြစ်သည်။ အမေရိကန်အနေဖြင့် F-35 ထုတ်လုပ်မှုအစင်းရေ ၄၅၀ သာရှိသော်လည်း တရုတ်နိုင်ငံ၏ J-20 ထုတ်လုပ်မှုသည် အရှိန်အဟုန်ရရှိလျက်ရှိသည်။ တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုနည်းပညာများနှင့် ဂျက်အင်ဂျင်နည်းပညာသည် J-20 ထုတ်လုပ်မှုကို အရှိန်အဟုန်ရရှိစေလျက်ရှိသည်။ တရုတ်နိုင်ငံသည် တိုက်လေယာဉ်များရောင်းချနိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီစံနှုန်းဖြင့်ထုတ်လုပ်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ တိုက်လေယာဉ်တပ်ဖွဲ့သည် ပစိဖိတ်ဒေသတွင် အမေရိကန်ကိုအမီလိုက်နိုင်ပြီးဖြစ်သည်။ အမေရိကန်သည် ပစိဖိတ်ဒေသတွင် တိုက်လေယာဉ်အုပ် ၁၃ အုပ်ထိ လိုအပ်သော်လည်း ၁၁ အုပ်သာရှိသည်။ ထိုအထောအတွင်းအမေရိကန်၏ တိုက်လေယာဉ်အုပ် ရှစ်အုပ်အနက် သုံးအုပ်သာလျှင် လေယာဉ်အသစ်များဖြည့်ဆည်းနိုင်သဖြင့် သက်တမ်းရင့်လေယာဉ်များသည် တိုက်စွမ်းရည်ကျဆင်းစေလျက်ရှိသည်။

တရုတ်နိုင်ငံသည် တိုက်လေယာဉ် အစင်းရေ ၁၈၀၀ ကို ၎င်း၏စစ်နယ်ဝန် ငါးခု၌ လေယာဉ်အစင်းရေ ၃၀ မှ ၅၀ ထိပါဝင်သော တိုက်လေယာဉ်အုပ်သုံးခုမှ ခြောက်ခုရှိသောတိုက်လေယာဉ်တပ်မဟာ ခုနစ်ခုမှ ၁၀ ခုထိ ဖွဲ့စည်းထားရှိသည်။

အမေရိကန်အနေဖြင့် ခေတ်မီအကောင်းစားတိုက်လေယာဉ်အုပ် ၁၃၄ အုပ်ခန့်ထိန်းသိမ်းထားရှိရန်လိုအပ်ပြီး သက်တမ်းရင့်လေယာဉ်များကိုအငြိမ်းစားပေးနေသည့်အချိန်တွင် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေးအတွက် နှစ်စဉ်တိုက်လေယာဉ် ၇၂ စင်းခန့် ထုတ်လုပ်သွားရန်လိုအပ်သည်။

အမေရိကန်၏ F-35 နှင့် တရုတ်၏ J-35 တို့ကို နှိုင်းယှဉ်ကြည့်ရာတွင် J-35 သည် F-35 ကဲ့သို့ပင် ရှေ့ပိုင်းဖွင့်ထားပြီး လေယာဉ်ဦးပိုင်းပုံသဏ္ဍာန်နှင့် ဖွဲ့စည်းမှုတို့သည် F-35 နှင့် F-36 မူကွဲများနှင့်တူညီလျက်ရှိသည်။ F-35 သည် J-35 ဒီဇိုင်း၏ ရှေ့ပြေးပုံစံဖြစ်နေသော်လည်း ပြေးလမ်းတိုတွင်ပျံသန်းဆင်းသက် (STOVL)နိုင်သည့် F-35B မူကွဲကို ဆက်လက်တည်ဆောက်ထားရှိသည်။ J-35 သည် ပြည်တွင်းထုတ် WS-21 အင်ဂျင်များကိုတပ်ဆင်ထားသည့်အတွက် အပူချိန်မြင့်တက်မှုလျှော့ချနိုင်သည့် အပူထုတ်ပန်ကာများပါရှိသည့်အပြင် ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေပျံသန်းနိုင်စွမ်းလည်းရှိသည်။

F-35 နှင့် J-20 တို့သည် အပြိုင်အဆိုင်တိုက်ပွဲဝင်ကြတော့မည်ဖြစ်သည်။ ၎င်းတိုက်လေယာဉ်နှစ်မျိုးစလုံးသည် ထိုင်ဝမ်ရေလက်ကြားပဋိပက္ခ၌ အပြိုင်ကြဲတော့မည်ဖြစ်သည်။ F-35 သည် J-20 ထက်ကိုယ်ပျောက်စွမ်းအားပိုမိုမြင့်မားသော်လည်း J-20 သည် F-35 သည် ပိုမိုမြန်ဆန်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ လေယာဉ်မှူးများ၏ကျွမ်းကျင်မှုသည် လေယာဉ်ချင်းအနီးကပ်တိုက်ပွဲဆင်နွှဲရာ၌ အဆုံးအဖြတ်ပေးသွားလိမ့်မည်ဖြစ်ပေသည်။

J-20 တိုက်လေယာဉ်၏အဆင့်မြှင့်တင်မှုများတွင် WS-15 အင်ဂျင်များအပြင် အာရုံခံစနစ်များ၊ လေယာဉ်ပုံစံပြုထုတ်လုပ်သည့် အီလက်ထရွန်နစ်နည်းပညာ၊ အသုံးပြုသည့်ပစ္စည်းများပါဝင်သည်။ J-20 တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်သည် ပဉ္စမမျိုးဆက်နှင့်ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်ကြားတွင်ရှိသည်။လက်ရှိတာဝန်ထမ်းဆောင်နေသော J-20 တိုက်လေယာဉ်များကို အချက်ပြစနစ်ထုတ်လွှတ်မှုလျှော့ချရန် အဆင့်မြှင့်တင်ထားသောကြောင့် ယခင်မျိုးဆက်တိုက်လေယာဉ်များထက် စွမ်းဆောင်ရည်ပိုမိုမြင့်မားလျက်ရှိသည်။

J-20တိုက်လေယာဉ်များကို လေယာဉ်မှူးများအတွက် နှစ်ယောက်ထိုင်ခုံတပ်ဆင်ရန်လည်းဒီဇိုင်းဆက်လက်ရေးဆွဲတည်ဆောက်သွားရန်စီစဉ်ထားရှိသည်။ မျိုးဆက်သစ် J-20B တိုက်လေယာဉ်များသည် အဆင့်မြှင့်ကွပ်ကဲမှုနှင့်မောင်းသူမဲ့လေယာဉ် (UAV)များအပါအဝင် မျိုးဆက်သစ်နည်းပညာပါဝင်မည်ဖြစ်သည်။ J-20 တိုးတက်ထုတ်လုပ်မှုနှင့် စမ်းသပ်မှုလုပ်ငန်းစဉ်ကိုလေယာဉ်မှူးအတွက် ထိုင်ခုံတစ်လုံးတည်းသာတပ်ဆင်ထားသည့် J-20 ကို အဆင့်မြှင့်တင်တည်ဆောက်ထားရှိခြင်းဖြစ်သည်။

J-20 လေယာဉ်ထုတ်လုပ်မှု အရေအတွက်ကို ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် နှစ်စဉ်အစင်းရေ ၁၀၀ ခန့်ထုတ်လုပ်သွားနိုင်ရန်ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်လွန်နှစ်များတွင် J-20 ထုတ်လုပ်မှုအစင်းရေ ၁၀၀၀ ခန့်ရှိမည်ဟုမျှော်မှန်းထားရှိသည်။ အထူးသဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် (PLAAF) သည် အမေရိကန်လေတပ်၏ Next Generation Air Dominance (NGAD) ကဲ့သို့ပင် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ တည်ဆောက်သွားရန်စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အနာဂတ်တွင် J-20 အုပ်စုသည် ဝယ်လက်များပိုမိုရရှိလာမှုနှင့်အတူ အရေအတွက်ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းသည် PLAAF ၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေမည့်အပြင် တိုင်းပြည်စီးပွားရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း အမေရိကန်အနေဖြင့် တရုတ်နိုင်ငံနှင့်အပြိုင် တိုက်လေယာဉ်များတည်ဆောက်ထုတ်လုပ်ရာတွင် ဘတ်ဂျက်အကန့်အသတ်နှင့် လုပ်သားစွမ်းအားလိုအပ်ချက်များကြောင့် ပိုမိုရှုန်းကန်လာနေရပြီဖြစ်သည်။

**❖ အမေရိကန်အနေဖြင့် F-35 ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေးအတွက် အချိန်နှောင်းလျက်ရှိသည့်အပြင် ဘတ်ဂျက်ဖြတ်တောက်လျှော့ချခံရမှုများကြောင့် ၎င်း၏ထုတ်လုပ်မှုရည်မှန်းချက်ပန်းတိုင်ပြည့်မီနိုင်စွမ်း ရှိ၊ မရှိမှာမူ မသေချာသေးပေ။ အမေရိကန်လေတပ်သည် လာမည့်ဘတ်ဂျက်တွင် ဖြတ်တောက်လျှော့ချမှုများရှိနိုင်သည့်အတွက် မူလစီစဉ်ထားသည့်အတိုင်း F-35 များ ဝယ်ယူနိုင်မည်မဟုတ်ချေ။ ❖**

**ကိုးကား**

(1) **US Cranks F-35 production in a losing race with China By Asia Times.**

(2) **China's J-20 Gets Another Upgrade By The Diplomat.**

**ဝင်းဇင်(သုတေသန)**

# SCIENCE AND TECHNOLOGY

## လေထုလွှာနှင့် အာကာသပတ်ဝန်းကျင်လေ့လာရေးဂြိုဟ်တုတစ်စင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့



**ပေကျင်း မတ် ၂၇**

လေထုလွှာနှင့် အာကာသပတ်ဝန်းကျင်လေ့လာရေးဂြိုဟ်တု တစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ယွန်ဟိုင်း-၃ ၀၂ အမည်ရှိ အဆိုပါဂြိုဟ်တုကို ရှန်ရှီးပြည်နယ် တိုင်ယွန်အာကာသစခန်းမှ တစ်ဆင့် လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် သတ်မှတ်ပတ်လမ်းပေါ်သို့ လောင်းမတ်ချ်-၆ ဒုံးပျံက ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ယွန်ဟိုင်း-၃ ၀၂ ဂြိုဟ်တုကို လေထုလွှာ၊ ကမ္ဘာ့ရေထုနှင့် အာကာသဟင်းလင်းပြင်အပြောင်းအလဲများကို လေ့လာမည်ဖြစ်သည်။

ယနေ့မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၅၁၄ ခုမြောက်မစ်ရှင်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၁၀၀ ထိ စံချိန်တင်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကြယ်တစ်စင်းကို ပတ်ပြုလှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း ရှာဖွေတွေ့ရှိ

**ဝါရှင်တန် မတ် ၂၇**


နေအဖွဲ့အစည်းအနီး တည်ရှိသော ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၆ ရက် သတင်းများအရ သိရသည်။

TOI-4438 b အမည်ရှိ အဆိုပါဂြိုဟ်သစ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် ၂ ဒသမ ၅ ဆထိ ပိုကြီးမားကြောင်း သိရသည်။

TOI-4438 b ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်တုအကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။


တူရင်းတက္ကသိုလ်မှ အီတလီသိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သိပ္ပံပညာရှင်များ၏ အဆိုအရ TOI-4438 b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၈ နှစ်အကွာတွင် တည်ရှိသော ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်ခဲ့ခြင်းဖြစ်သည်။

နာဆာ၏ တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်အဖြစ် ယူဆရသည့် ဂြိုဟ်ပေါင်း ၇၀၀၀ ကျော်ကို ဖော်ထုတ်ထားပြီး ၄၁၇ စင်းကို ဂြိုဟ်အဖြစ် အတည်ပြုပေးနိုင်ပြီးဖြစ်ကြောင်း သိရသည်။



**Ref : Russia Today**
**Trs : KKO**

## အာဖရိကမှထွက်ခွာလာသော ခေတ်သစ်လူများ ယူရေးရှားဒေသ၌ အခြေမစိုက်မီနေထိုင်ခဲ့သည့်နေရာကို သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိထား



**ရောမ မတ် ၂၇**

အာဖရိကမှ ထွက်ခွာလာသော ခေတ်သစ်လူများ (Homo Sapien) ယူရေးရှားဒေသ၌ အခြေမစိုက်မီ ကြားကာလအတွင်း နေထိုင်ခဲ့သည့်နေရာကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း မတ် ၂၆ ရက် သတင်းများအရ သိရသည်။

ခေတ်သစ်လူများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀၀၀၀ ခန့်တွင် အာဖရိကတိုက်မှ ထွက်ခွာခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း ၄၅၀၀၀ ခန့်တွင် အာရှနှင့် ဥရောပတိုက်ဒေသများ၌ ပျံ့နှံ့နေထိုင်ခဲ့ကြသည်။

သို့ရာတွင် အာဖရိကမှ ထွက်လာချိန်နှင့် ယူရေးရှားဒေသသို့ ရောက်ရှိချိန်တို့ကြား ကြားကာလအတွင်း ခေတ်သစ်လူများမည်သည့်နေရာ၌ နေခဲ့ကြသည်ဆိုသော အချက်မှာ သိပ္ပံပညာရှင်များအတွက် ငြင်းခုံနေရဆဲပြဿနာတစ်ရပ်ဖြစ်ခဲ့ရသည်။

သို့ရာတွင် အီတလီသိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာအဖွဲ့တစ်ဖွဲ့၏ လေ့လာတွေ့ရှိချက်အရ ခေတ်သစ်လူများအနေဖြင့် အာဖရိကမှ ထွက်ခွာလာချိန်နှင့် ယူရေးရှားသို့မရောက်ခင်စပ်ကြားကာလ နှစ် ၂၀၀၀၀ အတွင်း ပါရှားလွင်ပြင် ခေါ် အရှေ့အလယ်ပိုင်းဒေသနယ်မြေတစ်ခု၌ နေထိုင်ခဲ့ကြကြောင်း သိရသည်။

ထိုစဉ်ကာလက ပါရှားလွင်ပြင်နယ်မြေ၌ နေထိုင်ခဲ့ကြသည့် ခေတ်သစ်လူအရေအတွက် ၁၀၀၀ ခန့်ထိရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာသုတေသနပညာရှင်များသည် ရှေးလူများ၏ မျိုးဗီဇများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ဆာရိုက်ဆစ်အရေပြားရောဂါဖြစ်ပွားစေသည့် မျိုးဗီဇတစ်မျိုး သုတေသနပညာရှင်များတွေ့ရှိ

**ကင်ဘာရာ မတ် ၂၇**

ဆာရိုက်ဆစ်(Psoriasis) ခေါ် အရေပြားရောဂါတစ်မျိုး ဖြစ်ပွားစေတတ်သည့် မျိုးဗီဇအပြောင်းအလဲတစ်မျိုးကို ဩစတြေးလျသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၆ ရက် သတင်းများအရ သိရသည်။

နာတာရှည်ရောင်ရမ်းမှုရောဂါတစ်မျိုးဖြစ်သည့် ဆာရိုက်ဆစ်ရောဂါဖြစ်ပွားပါက အရေပြားပေါ်၌ ယားယံသည့် အနီရောင်အကွက်များပေါ်လာတတ်သည်။

ဩစတြေးလျသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆာရိုက်ဆစ်ရောဂါသည် IKBKB ခေါ် မျိုးဗီဇအပြောင်းအလဲတစ်မျိုးကြောင့် ဖြစ်ပွားနိုင်ကြောင်း သိရသည်။

IKBKB မျိုးဗီဇအပြောင်းအလဲကြောင့် တီ-ဆဲလ် ခေါ် ခုခံအားစနစ်ဆဲလ်များ ဖောက်ပြန်လာတတ်ပြီး ဆာရိုက်ဆစ်ရောဂါဖြစ်ပွားတတ်ကြောင်း ဩစတြေးလျသုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် IKBKB မျိုးဗီဇနှစ်ခုထိ ရှိနေသူများတွင်မူ ဆာရိုက်ဆစ်နှင့် အဆစ်အမျက်ရောင်ရောဂါလက္ခဏာများ ရောနှောနေသည့် Psoriatic Arthritis ခေါ် ဆာရိုက်ဆစ်ရောဂါပုံစံတစ်မျိုးပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့် စမ်းသပ်လေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် IKBKB မျိုးဗီဇကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ကလေးမွေးဖွားနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်ရမည်

**နယူးယောက် မတ် ၂၇**

၂၁၀၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးမှာ ပြန်လည်အစားထိုးဖြည့်ဆည်းနိုင်သည့်အဆင့်အောက်ထိ ကလေးမွေးဖွားနှုန်း ၉၇ ရာခိုင်နှုန်းကျဆင်းမှုနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း မတ် ၂၆ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ၂၀၅၀ ပြည့်နှစ်အရောက်တွင်လည်း ကမ္ဘာ့နိုင်ငံ လေးပုံသုံးပုံတို့မှာ ပြန်လည်အစားထိုးဖြည့်ဆည်းနိုင်မှုအဆင့်အောက်ထိ ကလေးမွေးဖွားနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကလေးမွေးဖွားနှုန်း ကျဆင်းမှုကို ပထမဆုံးရင်ဆိုင်ရမည့်၊ အပြင်းထန်ဆုံးရင်ဆိုင်ရမည့် နိုင်ငံများမှာ ချမ်းသာသောနိုင်ငံကြီးများဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် ၂၁၀၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်း ကလေးမွေးဖွားမှုနှုန်းသည် တစ်နေရာနှင့်တစ်နေရာ တူညီမည်မဟုတ်ကြောင်းလည်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ အဆိုအရ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း မွေးဖွားခဲ့သည့် ကလေးစုစုပေါင်းအနက် ၂၉ ရာခိုင်နှုန်းမှာ ဆပ်ဆာဟာရဒေသ၌ မွေးဖွားခဲ့သည့်ကလေးများဖြစ်သည်။

သို့ရာတွင် ၂၁၀၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်း မွေးဖွားခဲ့သည့် ကလေးစုစုပေါင်း၏ ၅၄ ရာခိုင်နှုန်းမှာ ဆပ်ဆာဟာရဒေသ၌ မွေးဖွားမည့်ကလေးများဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# ငွေပေးချေရန် ကတိစာချုပ်နှင့် နှစ်ဦးသဘောတူကတိစာချုပ်

**စိန်လှိုင်ဖိုလ်**

လူမှုဘဝပတ်ဝန်းကျင်နယ်ပယ်တွင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရာ၌ ငွေရေးကြေးရေးကိစ္စများ ပါဝင်လေ့ရှိပါသည်။ တစ်ဦးက တစ်ဦးကို ငွေပေးရန်ရှိသည့်အခါတွင် နှုတ်တစ်ရာ စာတစ်လုံးဆိုသလို စာချုပ် ချုပ်ဆိုလေ့ရှိကြပါသည်။ ထိုသို့ချုပ်ဆိုကြရာတွင် ရပ်ထဲရွာထဲ၌ စာရွက်အလွတ်ဖြင့် ရေးသားချုပ်ဆိုကြသည်များရှိသကဲ့သို့ စာချုပ်ခေါင်းပေါ်တွင် ရေးသားချုပ်ဆိုကြသည်များလည်းရှိပါသည်။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ-၄ ပါ ငွေပေးချေရန်ကတိစာချုပ် (Promissory Note) ဆိုသည်ကိုလည်း ရပ်ထဲရွာထဲတွင် မသိရှိကြပါ။ ငွေရရန်ရှိသူကို ငွေပေးရန်ရှိသူက လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူကတိစာချုပ်ကိုသာ ချုပ်ဆိုကြလေ့ရှိပါသည်။


ပြဿနာမရှိလျှင် ပြဿနာမပေါ်ပါ။ ငွေပေးလျော်ရန်ရှိသူက ငွေပေးလျော်ခြင်း မပြုလျှင် ပြဿနာပေါ်ပါသည်။ တရားရုံးရောက်ပါသည်။ ထိုအခါတွင် စာချုပ်၌ တံဆိပ်ခေါင်းကပ်ရမည်။ တံဆိပ်ခေါင်းမပါလျှင် စာချုပ်တရားမဝင် စသည်ဖြင့် အငြင်းပွားမှုများ ပေါ်ပေါက်လာတတ်ကြပါသည်။ **လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ-၄ ငွေပေးချေရန် ကတိစာချုပ်(Promissory Note) နှင့် နှစ်ဦးသဘောတူချုပ်ဆိုထားသော စာချုပ်**ဟူသည့် ဥပဒေပြဿနာပေါ်ပေါက်လာပါသည်။ အနည်းငယ်တော့ ရှုပ်ထွေးနိုင်ပါသည်။ ဥပဒေဝဟုသုတရရှိရန် ဖော်ပြလိုက်ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉ မကွေးတိုင်းတရားရုံး (မကွေးခရိုင်)တွင် ဒေါ်အေးအေးမြင့်က မော်တော်ယာဉ်ပိုင်ရှင် ကိုကျော်ကျော်အေးအပေါ် ကုန်ပစ္စည်း အထည်အိတ်တစ်အိတ် ပျောက်ဆုံးသွားသဖြင့် ပေးလျော်ပါမည်ဟု ဝန်ခံကတိအတိုင်း ငွေ (၆၂၆၆၃/-)ကျပ် ရလိုမှုစွဲဆိုသည်။ ဒေါ်အေးအေးမြင့်ကိုစစ်ဆေးစဉ် ကိုကျော်ကျော်အေးနှင့် ဒေါ်အေးအေးမြင့်တို့ ချုပ်ဆိုသည့် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်စွဲပါ **နှစ်ဦးသဘောတူ ကတိစာချုပ်ကို** သက်သေခံအဖြစ်တင်သွင်းရာ တိုင်းတရားရုံးက အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတံဆိပ်ခေါင်း ဥပဒေပုဒ်မ-၃၃ အရ သိမ်းချုပ်ပြီး သက်သေခံအဖြစ် လက်ခံကြောင်း အမိန့်ချမှတ်သည်။ အဆိုပါအမိန့်ကို ကိုကျော်ကျော်အေးက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုလျှောက်ထားခဲ့ပါသည်။

ကိုကျော်ကျော်အေး၏ ရှေ့နေက ဒေါ်အေးအေးမြင့် တင်ပြသည့်စာချုပ်မှာ ငွေပေးချေရန်ကတိစာချုပ်ဖြစ်၍ တံဆိပ်ခွန်ဥပဒေပထမဇယား စာတိုင်-၄၉ အရလည်းကောင်း၊ စာတိုင် -၁၃ အရလည်းကောင်း၊ ဥပဒေနှင့်အညီ သတ်မှတ်သည့် တံဆိပ်ခေါင်း ကပ်ရမည်ဖြစ်ကြောင်း၊ တံဆိပ်ခွန်အက်ဥပဒေပုဒ်မ-၃၅ ၏ ခြွင်းချက်(၁)တွင် အခြားစာချုပ်စာတမ်းများကို သိမ်းချုပ်နိုင်သော်လည်း ငွေပေးချေရန်ကတိစာချုပ်ကို သိမ်းချုပ်ခွင့်မရှိဟု ပြဋ္ဌာန်းချက်ရှိပါလျက်နှင့် ၎င်းအချက်ကို မျက်ကွယ်ပြု၍ တိုင်းတရားရုံးက သိမ်းချုပ်ခဲ့ခြင်းမှာ ဥပဒေအရမှားယွင်းကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

လျှောက်ထားခံရသူ ဒေါ်အေးအေးမြင့်၏ ရှေ့နေက လျှောက်ထားသူသည် မူလရုံးတွင် အဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်းခဲ့သည့် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့စွဲပါစာချုပ်သည် **စာချုပ်ခေါင်းစီးအရပင် နှစ်ဦးသဘောတူကတိစာချုပ်ဟု သိသာထင်ရှားစွာ ပေါ်လွင်နေပါလျက် ငွေပေးချေရန် ကတိစာချုပ်ဟု တင်ပြပြောဆိုလျှောက်ထားခြင်းဖြစ်ကြောင်း** ထိုစာချုပ်တွင် နှစ်ဦးသဘောတူ ကိုကျော်ကျော်အေး




နှင့် ဒေါ်အေးအေးမြင့်တို့မှ သက်သေများရှေ့တွင် ရေးသားချုပ်ဆိုခဲ့သော စာချုပ်ဖြစ်ကြောင်းမှာ အငြင်းပွားမှုမရှိ အထင်အရှားပေါ်ပေါက်နေ၍ မူလတိုင်းတရားရုံးက တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ-၃၅ ခြွင်းချက်(က)အရ **ထိုက်သင့်သော အခွန်တော်ငွေနှင့် ၎င်း၏ဆယ်ဆတန်ကြေးကို ပေးသွင်းစေရန် အမိန့်ချမှတ်ခဲ့ခြင်း**သည် ဥပဒေအရ မှန်ကန်မှုတကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တိုင်းတရားရုံးက လျှောက်ထားခံရသူ ဒေါ်အေးအေးမြင့် တင်ပြသည့်စာချုပ်မှာ ငွေပေးချေရန်ကတိစာချုပ် (Promissory Note) မဟုတ်ကြောင်း၊ လျှောက်ထားခံရသူ ဒေါ်အေးအေးမြင့် ကားပေါ်တင်ပေးလိုက်သည့်ပစ္စည်းများ ပျောက်ဆုံးသည့်အတွက် လျှောက်ထားသူ ကိုကျော်ကျော်အေးက လျော်ကြေးပေးမည်ဖြစ်ကြောင်း သက်သေများ၏ရှေ့တွင် **နှစ်ဦးသဘောတူချုပ်ဆိုထားသည့် စာချုပ်ဖြစ်ကြောင်း** သုံးသပ်ပြီးနောက် ၎င်းစာချုပ်ကို သိမ်းချုပ်ပြီး သက်သေခံအဖြစ် လက်ခံမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အမှုတွင် လျှောက်ထားခံရသူ တင်ပြသည့် စာချုပ်သည် **ငွေပေးချေရန်ကတိစာချုပ်ဖြစ်သည် သို့မဟုတ် နှစ်ဦးသဘောတူကတိစာချုပ်ဖြစ်သည်ကို အငြင်းပွားလျက်ရှိကြောင်း** တရားရုံးချုပ်က စိစစ်ခဲ့သည်။ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ-၄ တွင် ငွေပေးချေရန်ကတိစာချုပ် (Promissory Note) ဆိုသည်မှာ (ဘဏ်လက်မှတ် သို့မဟုတ် ငွေစက္ကူမဟုတ်) ငွေတစ်စုံတစ်ရာကို တစ်စုံတစ်ယောက်သော သူသို့သာဖြစ်စေ ၎င်းက အခွင့်လွှဲအပ်သူသို့သာဖြစ်စေ လက်မှတ်ဆောင်ယူလာသူသို့သာဖြစ်စေ ပေးချေရန် စည်းကမ်းချက်တစ်စုံတစ်ရာမထားဘဲ ခံဝန်လက်မှတ်ရေးသားချုပ်ဆိုသူက လက်မှတ်ရေးထိုးသည့် စာချုပ်ကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ငွေပေးချေရန်ကတိစာချုပ်သည် အောက်ပါအချက်များနှင့်ညီညွတ်ရန်လိုသည်။

(၁) ငွေပေးချေရန် စာချုပ်သည် စာနှင့်ရေးသားထားခြင်းဖြစ်ရမည်။

(၂) စည်းကမ်းချက်တစ်စုံတစ်ရာမထားဘဲ ငွေပေးချေပါမည်ဟု ခံဝန်ကတိပြုချက်ဖြစ်ရမည်။

(၃) ငွေပေးချေရန်သိသည်ဟု သာမန်အသိအမှတ်ပြုရုံဖြင့် မလုံလောက် ၎င်းငွေကို ပေးပါမည်ဟု ကတိပြုချက်ဖြစ်ရမည်။

(၄) ပေးရန်ကတိပြုသောငွေသည် အတိအကျဖြစ်ရမည်။

(၅) ရေးသားသူ (ကတိပြုသူ)က လက်မှတ်ရေးထိုးရမည်။

(၆) ငွေပေးရမည့်သူ၏ အမည်ကို အတိအကျဖော်ပြထားရမည်။

(၇) ငွေပေးရန် ကတိပြုခြင်းဖြစ်ရမည်။ အခြားပစ္စည်းပေးရန် ကတိပြုခြင်း မဖြစ်စေရ ဟူသောအချက်များနှင့် ညီညွတ်ရန်လိုကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

လျှောက်ထားခံရသူ ဒေါ်အေးအေးမြင့်က သက်သေခံအဖြစ် တင်သွင်းသည့်စာချုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

၂၃-၁-၉၄

**နှစ်ဦးသဘောတူ ကတိစာချုပ်**

ကားအမှတ် - ၈/၄၃၅၇ ကားမှ ကိုကျော်ကျော်အေး (MBU 097468) သည် မကွေးမြို့ ဈေးအတွင်း မအေးအေးမြင့်၏ အထည်အိတ် ကျဆုံးပျောက်ဆုံးသွားခဲ့ရာ ထိုအိတ်တန်ဖိုး (၆၂၆၆၃/)ကျပ် တန်ဖိုးကို ကိုကျော်ကျော်အေးသည် အောက်ပါအတိုင်း ပေးလျော်ရန် ကတိပြုပါသည်။

(၁) ယခုလ (၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်) နေ့တွင် ငွေကျပ်သုံးသောင်းပေးချေပါမည်။

(၂) ကျန်ငွေကို (၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ) လကုန်နှင့် အကျေပေးဆပ်မည်။

ပုံ××××× ပုံ×××××

အေးအေးမြင့် ကိုကျော်ကျော်အေး

(MBU 097468)

အဆိုပါစာချုပ်သည် ကိုကျော်ကျော်အေးက ဒေါ်အေးအေးမြင့်၏ အထည်အိတ် ပျောက်ဆုံးမှုအတွက် အထည်အိတ်တန်ဖိုးငွေ (၆၂၆၆၃/-)ကျပ်ကို **အရစ်ကျပေးလျော်ရန် ကိုကျော်ကျော်အေးနှင့် ဒေါ်အေးအေးမြင့်တို့ နှစ်ဦးသဘောတူချုပ်ဆိုထားသည့်စာချုပ်ဖြစ်ကြောင်း** တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

၎င်းစာချုပ်တွင် လျော်ကြေးငွေကို အရစ်ကျပေးဆောင်ရန် နှစ်ဦးသဘောတူညီထားသည့် စည်းကမ်းချက်ပါရှိနေရာ **ထိုစာချုပ်သည် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ-၄ တွင် ဖော်ပြထားသည့်အချက်နှင့် မကိုက်ညီသဖြင့် ငွေပေးချေရန် ကတိစာချုပ် (Promissory Note) မဟုတ်ကြောင်း ထင်ရှားစွာပေါ်လွင်သည်**ဟု တရားရုံးချုပ်က တိကျခိုင်မာစွာစိစစ်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ မူလရုံးက အဆိုပါစာချုပ်ကို နှစ်ဦးသဘောတူကတိစာချုပ်အဖြစ်မှတ်ယူပြီး မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အက်ဥပဒေပုဒ်မ-၃၃ အရ စာချုပ်ကို သိမ်းချုပ်ကာ သက်သေခံအဖြစ်လက်ခံခြင်းသည် မှားယွင်းခြင်းမရှိသဖြင့် ပြင်ဆင်မှုလျှောက်ထားလွှာကို တရားရုံးချုပ်က စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။ တရားရုံးချုပ်ရောက်သောအခါ ဥပဒေနှင့်အညီ စိစစ်သုံးသပ်ပြီးနောက် အမှန်တရားပေါ်ပေါက်ခဲ့ပါသည်။ သို့ရာတွင် အမှုမပြီးသေးပါ။ စာချုပ်ကို သက်သေခံလက်ခံပြီး ဆက်လက်စစ်ဆေးရပါဦးမည်။ အမှုကြန့်ကြာသွားပါဦးမည်။

**ကိုကျော်ကျော်အေးနှင့် ဒေါ်အေးအေးမြင့် ၁၉၉၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၄၈** ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ်၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ချယ်ရီ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဇာခြည်သိန်းအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဗြိတိန်နိုင်ငံ၏ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်



**လန်ဒန် မတ် ၂၇**

ဗြိတိန်နိုင်ငံ၏ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဗြိတိန်စွမ်းအင်လုံခြုံရေးနှင့် ကာဗွန်အသားတင် ထုတ်လွှတ်မှုဆိုင်ရာဝန်ကြီး ဂရေဟမ်စတုအက်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံက ရည်မှန်းထားသည့် အဓိက ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်စွမ်းအင် ၅၀ ဂီဂါဝပ် ထုတ်လုပ်သုံးစွဲနိုင်ရေးဖြစ်ပြီး ၎င်းရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ဂရေဟမ်စတုအက်က ပြောကြားခဲ့သည်။

"ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် အချိန်သိပ်မရတော့ဘူး ဆိုပေမဲ့ ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာပါ။ ကြီးမားတဲ့စိန်ခေါ်မှုတွေနဲ့တော့ ရင်ဆိုင်ရလိမ့်မယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမှုကို အရင်ရည်မှန်းထားတဲ့ပမာဏရဲ့ လေးဆထိ မြှင့်တင်လိုက်မယ်ဆိုရင် ရည်မှန်းချက်အတိုင်း သေချာပေါက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါလိမ့်မယ်"ဟု ဗြိတိန်စွမ်းအင်လုံခြုံရေးနှင့် ကာဗွန်အသားတင် ထုတ်လွှတ်မှုဆိုင်ရာဝန်ကြီး ဂရေဟမ်စတုအက်က ပြောကြားခဲ့သည်။

ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းအတွက် ပေါင်စတာလင် တစ်ဘီလီယံထိ ရင်းနှီးမြှုပ်သွားမည်ဖြစ်ကြောင်း၊ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ရာတွင် တစ်နှစ်ကျော်နောက်ကျ၍ အချိန်အားဖြင့် ကြီးမားသည့် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်းလည်း ၎င်းက ဝန်ခံပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဂရိနိုင်ငံရှိ ဆန်တိုရီနီမီးတောင်က ခန့်မှန်းထားသည်ထက် ပို၍အန္တရာယ်ရှိနိုင်

**အေသင် မတ် ၂၇**

ဂရိနိုင်ငံ ကရီတီနယ်မြေမြောက်ဘက်ပိုင်းတွင်တည်ရှိသည့် ဆန်တိုရီနီမီးတောင်သည် ခန့်မှန်းထားသည်ထက် အန္တရာယ်ရှိနိုင်ကြောင်း Nature Geoscience အဖွဲ့အစည်းမှ ဂရိသုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါမီးတောင်သည် မှတ်တမ်းများအရ ၇၂၆ အေဒီခန့်တွင် တစ်ကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပေါက်ကွဲမှုမဖြစ်ပွားတော့ဘဲ ငြိမ်သက်နေသည့် မီးတောင်ဖြစ်ကာ အဆိုပါမီးတောင်အခြေအနေ ငြိမ်သက်နေသော်လည်း မီးတောင်မှာ အချိန်မရွေးပေါက်ကွဲနိုင်သကဲ့သို့ အခြားသောမီးတောင်များထက် ပိုမိုအန္တရာယ်ရှိနိုင်သည့် မီးတောင်ဖြစ်ကြောင်း Nature Geoscience အဖွဲ့အစည်းမှ သုတေသီက ထုတ်ပြန်သွားခဲ့သည်။

"မီနိုအန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးကတည်းက ကာမီနီမီးတောင်မှာလဲ သက်ဝင်လှုပ်ရှားမှုတွေရှိလာတယ်။ အခုလဲ ဆန်တိုရီနီမီးတောင်ဟာ သက်ဝင်လှုပ်ရှားမှုတွေရှိလာတယ်။ ဆန်တိုရီနီဟာ ပေါက်ကွဲမှုမဖြစ်ပွားတာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ငြိမ်သက်နေတဲ့မီးတောင်ဖြစ်တဲ့အတွက် ပေါက်ကွဲမှုဖြစ်ပွားရင် မကြာခဏပေါက်ကွဲတတ်တဲ့ မီးတောင်တွေထက် ပိုပြီးတော့အန္တရာယ်ရှိတယ်။ သုတေသနရလဒ်တွေအရ ဆန်တိုရီနီမီးတောင်ဟာ အထူးသတိပြုစောင့်ကြည့်သွားရမဲ့ မီးတောင်ဖြစ်ပါတယ်။ ဆန်တိုရီနီမီးတောင်အနီးမှာ လူနေတဲ့ကျွန်းတွေရှိနေသလို မြေထဲပင်လယ်နဲ့လဲ နီးကပ်နေတဲ့အတွက် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရင် အခက်အခဲတွေအများကြီးဖြစ်ပေါ်လာနိုင်တယ်"ဟု Nature Geoscience အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

ဆန်တိုရီနီမီးတောင်သည် ပေါက်ကွဲမှုမဖြစ်ပွားသည်မှာ ကာလအားဖြင့် နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်ပြီး မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှု လက္ခဏာများမြင်တွေ့နေရသည့်အတွက် ပေါက်ကွဲမှုဖြစ်ပွားပါက အနီးပတ်ဝန်းကျင်ဒေသများတွင် အန္တရာယ်များနိုင်ခြေရှိနေကြောင်း သုတေသီများက သတိပေးသွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# တရုတ်နိုင်ငံ ဟောင်ကောင်ဒေသတွင် မတ်လအတွင်း အပူချိန်မြင့်တက်လျက်ရှိပြီး အပူချိန်ပမာဏက သက်တမ်းတစ်လျှောက်အမြင့်ဆုံးပမာဏတစ်ရပ်ဖြစ်

**ပေကျင်း မတ် ၂၇**

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသတွင် မတ်လအတွင်း အပူချိန်မြင့်တက်လျက်ရှိပြီး ဖြစ်ပေါ်နေသည့် အပူချိန်ပမာဏသည် သက်တမ်းတစ်လျှောက် အမြင့်ဆုံးပမာဏတစ်ရပ်ဖြစ်ကြောင်း Hong Kong Observatory(HKO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဟောင်ကောင်ဒေသတွင် ၂၀၂၄ ခုနှစ်အစောပိုင်းက အအေးဓာတ်မြင့်မားခဲ့ပြီး ပြီးခဲ့သည့်ရှစ်နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ် အအေးဓာတ်ပြန်လည်မြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှု မြန်ဆန်ခဲ့ပြီး မတ်လအတွင်း အပူချိန် ဆက်တိုက်မြင့်တက်ကာ လက်ရှိ



အပူချိန်ပမာဏမှာ ၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အပူချိန်ပမာဏမှာ ၁၈၈၄ ခုနှစ်နောက်ပိုင်း အပူချိန်အမြင့်မားဆုံးသောမတ်လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဟောင်ကောင်ဒေသတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလထိ အပူချိန်မှာ ၁၆ ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့ပြီး အအေးဓာတ် မြင့်မားခဲ့ကြောင်း၊ လက်ရှိအနေအထားအရ ၂၀၂၄ ခုနှစ် နွေရာသီသည် ဟောင်ကောင်ဒေသတွင် အပူချိန် စံချိန်တင်မြင့်တက်သွားဖွယ်ရှိနေကြောင်း Hong Kong Observatory(HKO) က ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**


## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။





၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ်ထွက်ပေါက်ကိုအသုံးပြုပါ။)




# ကနေဒါနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုပြဿနာကိုဖြေရှင်းရန် နည်းပညာအကူအညီရယူမည်

**အော့တဝါ မတ် ၂၇**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် မိုးခေါင်ရေရှားပါးမှုဖြစ်ပေါ်နေပြီး အဆိုပါပြဿနာကိုဖြေရှင်းရန်အတွက် နည်းပညာအကူအညီ ရယူသွားမည်ဖြစ်ကြောင်း အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မတ် ၂၆ ရက် သတင်းများအရ သိရသည်။

ရေအရင်းအမြစ် ဆန်းသစ်တီထွင်ရေးအစီအစဉ်အရ နည်းပညာဖြင့် မိုးခေါင်ရေရှားပါးမှုပြဿနာကိုဖြေရှင်းရန် ရင်းနှီးမြှုပ်နှံမှုလည်း ပြုလုပ်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၇၅ သန်းထိ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မိုးခေါင်ရေရှားပါးမှုပြဿနာကို ဖြေရှင်းရာတွင် သန့်ရှင်းသည့်သောက်သုံးရေရရှိရေးကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး သောက်သုံးရေလုံလောက်မှုရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အယ်ဘတ်တာပြည်နယ်မှာ လက်ရှိရင်ဆိုင်နေရတဲ့ မိုးခေါင်ရေရှားပါးမှုပြဿနာဟာ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးအခြေအနေရောက်ရှိနေပါတယ်။ ဒေသခံတွေ သောက်သုံးရေလုံလုံလောက်လောက်ရရှိဖို့နဲ့ သန့်ရှင်းတဲ့သောက်သုံးရေရရှိဖို့အတွက် နည်းပညာအကူအညီရယူသွားမယ်။ နည်းပညာဆန်းသစ်တီထွင်ဖို့အတွက်လဲ အမေရိကန်ဒေါ်လာ ၇၅ သန်းထိ ရင်းနှီးမြှုပ်နှံသွားမယ်။ ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းနဲ့ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သောက်သုံးရေ လိုအပ်ချက်ကို အတတ်နိုင်ဆုံး လျှော့ချသွားနိုင်ဖို့အတွက် အမြန်ဆုံးဆောင်ရွက်သွားမှာပါ။ သောက်သုံးရေလုံလောက်သွားရင်တော့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍအတွက် ရေလုံလုံလောက်လောက်ရရှိဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနကလဲ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားဖို့အတွက် လုံလောက်တဲ့ငွေပမာဏကို ချပေးသွားဖို့ သဘောတူခွင့်ပြုထားပြီးဖြစ်ပါတယ်"ဟု ကနေဒါရေအရင်းအမြစ်ဆန်းသစ်တီထွင်ရေး အစီအစဉ်မှ ပြောရေးဆိုခွင့်ရှိသူ နိတ်ဂလူဘစ်က ပြောကြားခဲ့သည်။

လက်ရှိ ရင်ဆိုင်နေရသည့် မိုးခေါင်ရေရှားပါးမှုပြဿနာသည် သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးမိုးခေါင်ရေရှားပါးမှုအခြေအနေဖြစ်ကြောင်းလည်း ကနေဒါရေအရင်းအမြစ် ဆန်းသစ်တီထွင်ရေးအစီအစဉ်မှ တာဝန်ရှိသူက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

**တင်ဒါခေါ်ယူခြင်း**

မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး၏ ဖေဖော်ဝါရီလ ၂၆ ရက် ရက်စွဲပါ စာအမှတ် No. MAN/815/01/2020 အား ရည်ညွှန်း၍ မြန်မာနိုင်ငံသား လုံခြုံရေး (၄) ဦးအား ငှားရမ်းခြင်းအတွက် တင်ဒါရက်စွဲအား အောက်ပါအတိုင်းသက်တမ်းတိုးလိုက်သည်။

| အမည် | တင်ဒါ | တင်ဒါနောက်ဆုံးရက် |
|---|---|---|
| ၁။ | မြန်မာနိုင်ငံသား လုံခြုံရေး (၄)ဦးအား ငှားရမ်းခြင်း | ၀၂.၀၄.၂၀၂၄ (၁၇၃၀ နာရီ) |

၂။ စိတ်ဝင်စားသော အေဂျင်စီ/စီးပွားရေး လုပ်ငန်းများအား ကောင်စစ်ဝန်ချုပ်ရုံး၏ website www.cgimandalay.gov.in>Media Room> Tenders မှာ ဝင်ရောက်လေ့လာနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**Tender Notice**

Reference to Notice Inviting Teder No. MAN/815/01/2020 dated 26 February 2024 of Consulate General of India for hiring four (04) Local Security Guards.

2. The date of NIT has been extended as follow;

| S. No. | Tender | Last date of Tender |
|---|---|---|
| 1. | For hiring four (04) local Security Guards (LSGs) | 02.04.2024 (1730 hrs) |

2. Interested agencies/firms are requested to visit Consulate's website www.cgimandalay.gov.in>Media Room >Tenders, for viewing the Notice Inviting Tender (NIT).

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**




# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၃၇၈၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနေကြာ ၃၇၈၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနေကြာကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၇၈၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၁ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

“ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကန့်ဘလူခရိုင်အတွင်း နေကြာ ၄၁၆၂ ကေ စိုက်ပျိုးထားနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့နေကြာစိုက်ခင်းတွေကို ရိတ်သိမ်းနေပြီဖြစ်ပါတယ်။ ဒီနေ့ထိ ၃၇၈၇ ကေထိ ရိတ်သိမ်းပြီးစီးပါပြီ။ နေကြာကို ဆောင်းရာသီမှာ အဓိက စိုက်ပျိုးတာပါ။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်” ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် နေကြာ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၂၉၃၅ ဧက၊ ကျွန်းလှမြို့နယ်တွင် ၈၅၂ ဧက စုစုပေါင်း ၃၇၈၇ ဧက ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၂၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကန့်ဘလူမြို့နယ်တွင် ၂၉၃၅ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၂၂၇ ဧက စုစုပေါင်း ၄၁၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးသည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကန့်ဘလူခရိုင်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ် တလုတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟသ်ာတ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Citizens Bank တို့ပူးပေါင်း၍ တလုတ်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဟသ်ာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းနှင့် Mobile Financial Payment စနစ်ဖြင့် ရန်ပုံငွေထုတ်ချေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၅၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တလုတ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၄၃၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၆၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၃ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ၁၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၀၀၈၄၁၊ ၀၁ ၆၅၀၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင်
BEST Practices Award
ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## မူးယစ်ကိုပစ် ပန်းတိုင်သစ်
## စိတ်သစ် လူသစ် ဘဝသစ်

### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



### ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ မေယာဂီရိရပ်ကွက်နေ ဗျောအိမာန် (ဘ) ဦးဟန်မြင့် (၇/ဝမန(နိုင်)၁၀၉၂၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-679292) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၄၂၀၂၅၇

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## ဝမ်းနည်းခြင်း

မန္တလေးမြို့ ဦးဝေညွှန့် + ဒေါ်ရီရီခိုင်၊ ဦးနေဝင်း + ဒေါ်လှလှထွေး (ဩစတြေးလျ)၊ ဦးဝင်းဆွေ + ဒေါ်တင်တင်ခိုင် (မန်းရွှေလီနှင့် ဘီအိုစီကုမ္ပဏီ) တို့၏မိခင်ကြီး ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ၊ သာသနာ့ဒါယိကာမကြီးဖြစ်သော **ဒေါ်မြင့်မြင့်သိန်း (၉၄)နှစ်** ကွယ်လွန်အနိစ္စရောက်သွားသဖြင့် အဝေရာရာမ ရန်ကင်းဆရာတော်နှင့် သံဃာတော်များ၊ အဝေရာရာမ သာသနာပြုဥပဋ္ဌာကအဖွဲ့ဝင်များက များစွာနှမြောတသ ဝမ်းနည်းကြရပါကြောင်း။

သာသနာ့ဒါယိကာမကြီး **ဒေါ်မြင့်မြင့်သိန်း** မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိပါစေ။

ကောင်းကျိုးချမ်းသာအဖြာဖြာကို ရရှိ၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေ။

**အဝေရာရာမ**
**သာသနာပြုဥပဋ္ဌာကအဖွဲ့**
**၁၃၈၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃-ရက်**
(၂၇-၃-၂၀၂၄)

### လက်မှုကြိုးထိုးနှင့် စာအိတ်စွပ်လုပ်ငန်းအတွက် ဝန်ထမ်းအလိုရှိသည်

အာရုံစူးစိုက်လုပ်ကိုင်နိုင်သလောက် လုပ်အားခရရှိနိုင်မည့်လုပ်ငန်းဖြစ်ပါသည်။

| | | |
|---|---|---|
| **အလုပ်အမျိုးအစား** | ။ ။ | စာအိတ်စက္ကူဆေးဆိုး၊ ပန်းဖော်၊ စက်ရိုက်ပစ္စည်းစစ်လုပ်ငန်းများပြုလုပ်ရန်။ |
| **လစာ** | ။ ။ | ၂ သိန်းမှ ၃ သိန်း |
| **အမျိုးသမီးစက်ရုံဝန်ထမ်း** | | (၄၀) ဦး |
| **အလုပ်အမျိုးအစား** | ။ ။ | စက္ကူကြိုးထိုး၊ စာအိတ်ပန်းစွပ်၊ စက္ကူခေါက်လုပ်ငန်းများပြုလုပ်ရန်။ |
| **လစာ** | ။ ။ | ၂ သိန်းမှ ၃ သိန်း |

**# ပညာသင်ကာလ သတ်မှတ်ထားရှိပေးခြင်း #**

ပညာသင်ကာလအား (၁)လသတ်မှတ်ပြီး တစ်နေ့လျှင် (၄၀၀၀)ကျပ်ဖြင့် သင်ကြားပေးသွားပါမည်။ ပညာသင်ကာလပြီးဆုံးလျှင် ပုတ်ပြတ်စနစ်ဖြင့် လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

**# နေရာထိုင်ခင်းနှင့် အစားအသောက်အတွက် စီစဉ်ထားရှိပေးခြင်း #**

အဆောင်စီစဉ်ထားပေးပါသည်။ အဆောင်နေဝန်ထမ်းများအား နံနက်စာ၊ညစာ ချက်ပြုတ်ပေးမည်ဖြစ်ပြီး တစ်နေ့လျှင် (၇၀၀)ကျပ်သာလျှင် ကောက်ခံပါမည်။

**SUN CRAFT CO.,LTD**
နေ- **လက်မှုပညာကုမ္ပဏီလီမိတက်**
**#Craft, Creative, Change#**

| | | |
|---|---|---|
| **လိပ်စာ** | ။ ။ | ပြင်ဦးလွင်မြို့။ |
| **ဖုန်းနံပါတ်** | ။ ။ | 09-777555326၊ 09-402627263၊ 09-787707978 |

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်သိန်း
### အသက် (၉၄)နှစ်
### (မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ မန္တလေးမြို့)

မန္တလေးမြို့၊ ၈၂ လမ်းနေ ဦးဝေညွှန့်+ဒေါ်ရီရီခိုင်၊
ဩစတြေးလျနိုင်ငံနေ (ဦးနေဝင်း)+ဒေါ်လှလှထွေး၊
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်နေ
ဦးဝင်းဆွေ(Best Oil Company)+ဒေါ်တင်တင်ခိုင်(မန်းရွှေလီကုမ္ပဏီ)တို့၏မိခင်၊
မြေး(၉)ယောက်၊ မြစ်(၁၀)ယောက်တို့၏ အဘွား

**ဒေါ်မြင့်မြင့်သိန်း အသက် (၉၄)နှစ်**

သည် (၂၆-၃-၂၀၂၄)ရက်၊ (အင်္ဂါနေ့)၊ ည (၁၁:၁၄)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် (၂၈-၃-၂၀၂၄)ရက်၊ (ကြာသပတေးနေ့) မွန်းလွဲ (၁:၃၀)နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

❖ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဉပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများက (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချ အလေးပြုစဉ်။**

**နေပြည်တော် မတ် ၂၇**

ယနေ့တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချ အလေးပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၉ ကော်လံ ၁ ☆**

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၈၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ